မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၁)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ၏ ရေ၊ မြေအခြေအနေအရ လွယ်လင့်တကူရနိုင်သည့် စက်မှုကုန်ကြမ်းများကို အခြေပြုထားသည့် စက်ရုံများရွေးချယ်ထူထောင်ခြင်းကြောင့် နိုင်ငံတစ်ဝန်းခေတ်မီစက်မှုလုပ်ငန်းများ တစ်ပြိုင်တည်းပေါ်ထွက်လာ

အညာဒေသတွင်ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်ပြီး ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးအကောင်အထည်ဖော်ခဲ့

နိုင်ငံတော်အစိုးရက ပြုစုရင်းနှီးထူထောင်ထားသည့်ရေရရှိရေးလုပ်ငန်းများ ထိထိရောက်ရောက်အပြည့်အဝအသုံးချ လယ်ယာကဏ္ဍဖွံ့ဖြိုးအောင်၊ ဒေသဆန်ဖူလုံအောင်၊ သီးနှံအထွက်တိုးအောင်၊ တစ်ဦးချင်းကြီးပွားတိုးတက်အောင်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာမြို့အနီးတွင် တည်ဆောက်ပြီးစီးသွားသော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က အဆိုပါစက်ရုံ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ပုဂံ–ညောင်ဦးတွင် ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ညောင်ဦးလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စွပ်ကျယ်စက်ရုံ(တောင်သာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ(တောင်သာ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်စေသည့် လမ်း၊ တံတားများ ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတစ်နိုင်ငံ၊ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သည်နှင့်အမျှ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ပြီး ဒေသ၏စီးပွားရေးအခြေအနေများ ပိုမိုတိုးတက် ဖြစ်ထွန်းလာမည်ဖြစ်သည်။

ထို့အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများသည်လည်း တစ်ပြိုင်တည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့ပြင်မက ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်မှု တိုးပွားလာကာ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာပြီး ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်း နယ်မြေဒေသများအလိုက် ရေကြော၊ မြေကြောဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး အစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု၏အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်းနှင့် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည်။ ကားလမ်း၊ ရထားလမ်းသစ်များနှင့်အတူ တံတားကြီးငယ် အသွယ်သွယ်ကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင် တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၂ရက်နေ့ နံနက်ပိုင်းက တွံတေးမြို့နယ် ရခိုင်ချောင်ကျေးရွာအနီးရှိ အဆိုပါတံတား၌ ကျင်းပခဲ့ပေသည်။

ရခိုင်ချောင်တံတားသည် အရှည် ပေ၂၅၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေစီ စုစုပေါင်း အကျယ်ပေ ၃၀၊ ရေလမ်းကင်းလွတ် အမြင့် ၁၀ပေ၊ အကျယ်ပေ ၅၀ ရှိသည်။ မော်တော်ယာဉ် (HS 20-44) ၃၆တန်နှင့် နှစ်လမ်းသွား၊ ယာဉ်တစ်စီးချင်း တန်၆၀ ခံနိုင်ဝန်ရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

ရခိုင်ချောင်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၃)က ၂၀၀၄ ခုနှစ် မတ်၁ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် စီမံကိန်းအားလုံး ပြီးစီးခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီက ရန်ကုန်တိုင်းအတွင်း ပေ၁၈၀ အထက်တံတားကြီး ခုနစ်စင်းသာရှိခဲ့ရာမှ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့အထိ ပေ ၁၈၀ အထက် တံတားကြီး ၂၅စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ရခိုင်ချောင်တံတားသည် တပ်မတော်အစိုးရလက်ထက်တွင် ပေ ၁၈၀အထက် ၂၁၁စင်းမြောက် တံတားဖြစ်သည်။

ရန်ကုန်မြို့မှ ကွမ်းခြံကုန်းနှင့် လက်ခုပ်ကုန်းသို့ ဆက်သွယ်ထားသည့် လမ်းမကြီးနှစ်ခုပေါ်ရှိ သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများဖြင့် အစားထိုး တည်ဆောက်ပေးလျက်ရှိသည်။

ရခိုင်ချောင်တံတား တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒလမြို့နယ်မှတစ်ဆင့် သခွတ်၊ ဝါးဘလောက်သောက်ကျေးရွာများကိုဖြတ်၍ ကော့မှူးမြို့နယ်သို့လည်းကောင်း၊ ဒလမြို့နယ်မှ ရခိုင်ချောင်တံတား၊ သခွတ်တံတား တို့ကိုဖြတ်၍ သခွတ်၊ ဝါးဘလောက်သောက်၊ ဘို့ဒင်နှင့် တော်ကူးကျေးရွာများမှတစ်ဆင့် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ဒလ–သခွတ်–လက်ခုပ်ကုန်းနှင့် ဒလ–ကံဘဲ့– ကော့မှူး–ကွမ်းခြံကုန်း–ဒေးဒရဲလမ်းများကို ပတ်လည်ဆက်သွယ်နိုင်ပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပြီး ဒေသ၏ ကုန်စည်စီးဆင်းမှုမှာလည်း ပိုမိုလျင်မြန် သွက်လက်လာတော့မည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူနေမှုဘဝမှာလည်း ပိုမိုမြင့်မားလာတော့မည်ဖြစ်သည်။ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကိုလည်း ပိုမိုအောင်မြင်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ပြီး ကုန်စည်စီးဆင်းမှု လျင်မြန်စေသည့် လမ်း၊ တံတားများကို ရေရှည်တည်တံ့စေရန် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်နိုင်ငံ၏ ကုန်သွယ်မှုပိုငွေ ၂၀၀၅ခုနှစ်က ဒေါ်လာ၁၀၀ ဘီလီယံကျော်ရှိခဲ့

ပေကျင်း ဇန်နဝါရီ ၂၈

တရုတ်နိုင်ငံသည် ၂၀၀၅ခုနှစ်က ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၉ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်ကထက် ၆၉ ဒသမ ၉ ဘီလီယံ တိုးတက်လာခြင်းဖြစ်ကြောင်း အမျိုးသားဗျူရို စာရင်းအင်းဌာန ညွှန်ကြားရေးမှူး လီဒက်ဟွိုင်းက ဇန်နဝါရီ ၂၅ ရက်၌ ပြောကြားသည်။

တရုတ် နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ လီက အထက်ပါအတိုင်း ကြေညာချက် ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုမှာ လျင်မြန်စွာတိုးတက်ခဲ့ကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအဆင့်မြင့် အဆင့်တွင် ထိန်းထားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ ၂၀၀၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံရှိခဲ့ကြောင်း၊ ယင်းမှာ ယခင်နှစ်ကထက် ၂၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

တိုးတက်ခဲ့

တရုတ်နိုင်ငံ၏ ပို့ကုန်မှု ယမန်နှစ်က အမေရိကန်ဒေါ်လာ ၇၆၂ ဘီလီယံရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၈ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ သွင်းကုန်မှု အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၁၂ သန်း ရှိခဲ့ရာ ၁၇ ဒသမ ၆ တိုးတက်ခဲ့ကြောင်း သိရသည်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၆၀ ဒသမ ၃ ဘီလီယံရှိကာ ၀ ဒသမ၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ထိုင်းမှဆန်တန်ချိန် ၇ ဒသမ ၅သန်း ၂၀၀၆ခုနှစ်အတွင်း တင်ပို့ရောင်းချရန် လျာထား

ဗန်ကောက် ဇန်နဝါရီ ၂၈

ထိုင်းနိုင်ငံက ယမန်နှစ်ကထက် တန်ချိန် ၂၀၀၀၀၀ တိုးကာ ဆန်တန်ချိန် ၇ဒသမ၅သန်းအထိ တင်ပို့ရောင်းချရန် ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လျာထားကြောင်း နိုင်ငံခြားကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ရက်ချာနီပေါ့ဂျန်နာ ဆန်တွန်က ပြောကြားသည်။

၂၀၀၅ခုနှစ်တွင် ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၇ဒသမ၃သန်းတင်ပို့ရောင်းချပြီး အမေရိကန် ဒေါ်လာ ၂ဒသမ ၃ဘီလီယံကျော် ဝင်ငွေရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၂ဒသမ၅ ဘီလီယံဖိုးအထိ စံချိန်တင်ဆန်တင်ပို့ရောင်းချမည်ဟု မျှော်မှန်းထားသည်။

ထိုင်းဆန်မှာ တစ်တန်လျှင် ဒေါ်လာ ၂၉၀မှ၃၀၀အထိနှင့် ထိုင်းဆန်မွှေးမှာ တစ်တန်လျှင် ဒေါ်လာ ၄၅၀ဖြင့် ရောင်းချရသည်ဆို၏။

အမ်အင်အေ၊ ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၉–၁–၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"ဒိဋ္ဌိဖြုတ်ရေး အမှတ်–၂"** တရားတော်

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၁၅	၄။	မေးမြန်းစူးစမ်း
၁၂း၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၅၀	၆။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ခိုင်မြဲသောမေတ္တာ"** (အပိုင်း–၂) ဇာတ်သိမ်း
၀၁း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၃၅	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၅။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၀။	လျှပ်တစ်ပြက်
၇း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၅)
၈း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၄။	ပဟေဠိနန်းတော်
	၁၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၁၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၁–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ရှမငြီးစရာ ပုသိမ်ထီးကမ္ဘာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Sunday Talk
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	ကြက်လည်လိမ်ကာကွယ်ဆေးထုတ်လုပ်ပေး
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	Myanmar Video Rhythm
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နှင်းဆီပင်စိုက်ကြရအောင်
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ
၁၀း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ချင်းရိုးရာ ဝတ်စားဆင်ယင်မှု
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ၊ အပိုင်း(၁)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	နွဲ့စို့တူပျော်တိရစ္ဆာန်ဥယျာဉ် ရာပြည့်ပွဲတော်
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ဒူးနာဝေဒနာကင်းဝေးစေရာ
၁၁း၅၀	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA CUP ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁၀း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၁၀း၂၅	Wolverhampton - Man United	5-Sports(Live)
၁၂း၃၀	Portsmouth - Liverpool	5-Sports(Live)
၂း၃၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၈း၃၀	Ascoli - Juventus	5-Sports(Live)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ(လေးထောင့်ကန်)သိရီဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစားကျောင်း(အာဟာရဆောင်)နှင့် စောင်းတန်း၊စကြံလမ်းရေစက်ချအလှူတော်မင်္ဂလာတက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ(လေးထောင့်ကန်) သိရီဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစားကျောင်း(အာဟာရဆောင်)နှင့်စောင်းတန်း၊စကြံလမ်းရေစက်ချအလှူတော်မင်္ဂလာ အခမ်း အနားကို ယနေ့နံနက်၉နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညို၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက် တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း) နှင့် ဗဟိုစည်းရုံးရေး ကော်မတီဝင် များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိ သူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင် များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားကို ဖွင့်လှစ်ပြီး အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များက နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ပဥ္စနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသထံမှ နဝင်္ဂသီလ ခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာ တော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာ တော်များက မေတ္တာသုတ် တရားတော် များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြ သည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် အကောက်ခွန်ဦးစီး ဌာန မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ)နှင့် ရွှေတောင်မြို့နယ် ညောင် စာရေးကျေးရွာ ပြည်သူများက ငွေ ကျပ်သုံးသိန်းစီ၊ ဦးသိန်းမောင်-ဒေါ်ပါး ပါး(စန္ဒီပရဆေး)က ငွေကျပ် နှစ်သိန်း ခုနစ်ဆယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ဦးမျိုးအောင်-ဒေါ်ခင် ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)၊ ဦးကျော် ဝင်းဆွေ(5 Stone Co., Ltd.)၊ ဦးဝင်း အောင် (လောင်စာတောင့်လုပ်ငန်း)၊ ဦးသန်းနိုင်ဝင်း (သန်မြန်သူ လောင်စာ တောင့်လုပ်ငန်း)နှင့် ဦးခင်မောင်ကြီး- ဒေါ်စန္ဒာတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ပါရမီ စတိုး)က ငွေကျပ် တစ်သိန်း ရှစ်ထောင်၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)- ဒေါ်သောင်းစိန်က ငွေကျပ်သုံးသောင်း နှင့် တပ်ကြပ်ကြီးညွှန့်ရွှေ-ဒေါ်ကြည် က ငွေကျပ်နှစ်သောင်းတို့ကို ပေးအပ် လှူဒါန်းကြရာ အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် သိရီဂုဏ်ဝေဓမ္မဗိမာန် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသီဟာ ဘိဝံသက အနုမောဒနာနှင့် ရေစက်ချ တရားတော်တို့ကို ဟောကြားချီးမြှင့် တော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနား ပထမပိုင်း အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား ဒုတိယပိုင်း အစီ အစဉ်အဖြစ် ကျောင်းလွှတ် ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များက ဓမ္မ မင်္ဂလာအောင်ဂါထာများကို ရွတ်ဖတ် ပူဇော်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက်ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့်အလှူရှင် ဦးမင်းမင်းအောင် (Silver Wave Trading Ltd.)တို့က ဖဲကြိုးဖြတ်၍ စကြံလမ်းကို ဖွင့်လှစ်ပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမှတ် (၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေ ဓမ္မဗိမာန်ကျောင်းတိုက် ဆွမ်းစား ကျောင်း (အာဟာရဆောင်) ကို ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဖဲကြိုး ဖြတ်၍ ဆွမ်းစားကျောင်း (အာဟာရ ဆောင်)ကို ဖွင့်လှစ်ပေးသည်။

အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက် ခလုတ်နှိပ်၍ ဆွမ်းစားကျောင်း (အာဟာရဆောင်) စာတန်းကို ဖွင့်လှစ် ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ဆွမ်းစား ကျောင်းမော်ကွန်းကျောက်စာကိုအမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆွမ်းစားကျောင်း၊စောင်း တန်း၊ စကြံလမ်းတို့ကို အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ် ၃၅၁ သိန်း ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဆွမ်းစား ဆောင်

ရန်ကုန်တိုင်း ဒဂုံမြို့ သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြ ရွာ (လေးထောင့်ကန်) သိရီဂုဏ်ဝေ ဓမ္မဗိမာန် ကျောင်းတိုက် ဆွမ်းစား ကျောင်း (အာဟာရ ဆောင်)နှင့်စောင်းတန်း၊ စကြံလမ်းကို တွေ့ရ စဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှငွေးဝင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသော ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူး တင်မောင်(အငြိမ်းစား)တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များ၏ စွမ်းအားသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယနေ့အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူသားအရင်းအမြစ်များမွေးထုတ်

အရည်အသွေးရော၊ အရည်အချင်းပါ ပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ခေတ်မီအဆင့်ဖြစ်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ စုံစုံလင်လင် ဖြည့်ဆည်းပေးရေး စသည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ အခြေခံပညာ ကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ သုံးရွာလျှင် နှစ်ကျောင်းနှုန်း ရှိနေပြီး ဆရာ ဆရာမ၂၅၀၀၀၀ကျော်ကို ခန့်ထားပေးထားပြီး ဖြစ်ကြောင်း။

ထို့ပြင် ယနေ့အချိန်အခါသည် ပြည်သူအများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာပြီး ဒီမိုကရေစီအနှစ်သာရပြည့်ပြည့်ဝဝဖြင့် ထာဝစဉ်ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ပြည်သူအများ အသိပညာ ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝရန် အရေးကြီးကြောင်း။

ပညာရေးကဏ္ဍစွမ်းဆောင်

အလိမ္မာစာမှာရှိ ဆိုသကဲ့သို့ အကောင်းနှင့် အဆိုး၊ အမှားနှင့် အမှန် ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်အတွက် ပြည်သူအများ အသိပညာကြွယ်ဝစေရန် မိမိတို့ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ကြီးကို Educated Nation အဖြစ် ပညာရေးကဏ္ဍက စွမ်းဆောင်ပေးကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့ အရည်အသွေး ပြည့်ဝစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရင်း တပည့်ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် မှာကြားလိုကြောင်း။

လူငယ်လူရွယ်များအား ငယ်စဉ်ကပင် ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများ လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး နိုင်ငံတော်၏ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးသည့် နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း။

လေ့ကျင့်ပေး

ထို့ပြင် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရှင်သန်နေရေးအတွက် လေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမျိုးသားပညာရည် မြင့်မားရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးကြည်ထွန်း(အငြိမ်းစား)က ကျောင်းဆောင်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

အလှူငွေများပေးအပ်

ထို့နောက် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများအဖြစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်သိန်း၂၀၊ သန်မြန်သူလုပ်ငန်းစုကော်မတီက ငွေကျပ်၂၅ သိန်း၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (KN ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ်နှစ်သိန်း ခုနစ်ဆယ်၊ ဦးကျော်ဝင်းဆွေ (5 Stone Co., Ltd.) နှင့် ဦးဝင်းအောင် (လောင်စာတောင့်လုပ်ငန်း)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးအောင်မွန်-ဒေါ်လှလှမော်(မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး)နှင့် ဦးသန်းနိုင်ဝင်း (သန်မြန်သူ လောင်စာတောင့်လုပ်ငန်း)တို့က ငွေကျပ် တစ်သိန်းစီ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)နှင့် တိုင်းမှူးတို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်က ကျောင်းဆောင်သစ်ဆောက်လုပ်ပေးသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေကျပ် ၁၈၈သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်သိန်း၂၀နှင့် အလှူရှင်များစုပေါင်းထည့်ဝင်ငွေ၁၅၇ သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ပြီး အလျားပေ၁၄၀၊ အနံပေ၃၀၊ စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီး စက်သုံးဆီလိုအပ်ချက်ဖြည့်တင်းနိုင်အောင်ကြိုးပမ်း ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုး ပျိုးပင်များရှင်သန်ဖြစ်ထွန်းအောင်ထိန်းသိမ်းစောင့်ရှောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တက်ရောက်ပျိုးထောင်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပသည်။

ထိန်းသိမ်းစောင့်ရှောက်

ရှေးဦးစွာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ဈေးနှုန်းကြီးမြင့်သည့် လောင်စာဆီများအစား ဇီဝလောင်စာဆီများကို အစားထိုးသုံးစွဲရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်သည် မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး၊ ကြက်ဆူစေ့ကိုကြိတ်၍ ရရှိသော ဆီကို ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ခြင်းကြောင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီအဖြစ် သာမက ဆေးဝါးအဖြစ်လည်းကောင်း၊ ကြိတ်ဖတ်ကို သဘာဝမြေသြဇာအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ခြံစည်းရိုးကြက်ဆူပင်ကို မြေလွတ်၊ မြေလပ်များ၊ မြေရိုင်းများ၊ အခြားအပင်များ စိုက်ပျိုးမဖြစ်ထွန်းနိုင်သည့် မြေညံ့များတွင် စိုက်ပျိုးပြီး စက်သုံးဆီလိုအပ်ချက်ကို ဖြည့်တင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အနေဖြင့် ၂၀၀၅ခုနှစ်မှ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် လျာထားပြီးဖြစ်ရာ တပ်နယ်၊ တပ်ဖွဲ့များကလည်း ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော် စိုက်ပျိုးကြစေလိုကြောင်းနှင့် ယနေ့ ပျိုးထောင်စိုက်ပျိုးလိုက်သည့် ပျိုးပင်များ ဆက်လက်ရှင်သန် ဖြစ်ထွန်းအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်းတိုင်တပ်နယ်မှူး ဗိုလ်မှူးကြီးဘိုလွင်က ပျိုးပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းစနစ်နှင့် အသုံးဝင်ပုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး ဒေါ်မာမာဝေတို့က တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးကြသည်။

ပျိုးထောင်ပေး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူမျိုးကိုင်းမှ အမြစ်နှင့် အညွန့်အထွက်အားကောင်းစေရန် ဟော်မုန်းဆေးရည်စိမ်ခြင်း လက်တွေ့ပြသမှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသသည့် ခြံစည်းရိုးကြက်ဆူပင်၊ ကြက်ဆူစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်များ၊ ကြက်ဆူဆီနှင့် ပညာပေး မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်များသည် ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူဆီကို လက်တွန်းထွန်စက်အတွင်း ထည့်သွင်း၍ မောင်းနှင်ပြသမှုနှင့် ပျိုးပွဲတော်အတွင်း တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မိသားစုဝင်များစုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပျိုးပင်၁၂၀၀၀နှင့် မျိုးကိုင်း ၁၂၀၀၀ ပျိုးထောင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့သည် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ရောက်ရှိကြပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူအစေ့၁၇၆၀၀နှင့် ပျိုးပင် ၁၀၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးကြကာ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းလွင်ကုန်းအနီး၌ ဆည်မြောင်းဦးစီးဌာနကဆောင်ရွက်လျက်ရှိသည့် လဂွမ်းပြင်ရေလှောင်တမံ၏ အရှည်ဖဒသမ၂မိုင်ရှိ လက်တံတစ်မြောင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြသပြီး တိုင်းမှူးက နွေစပါးခင်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေအပြည့်အဝပေးသွင်းနိုင်ရေးအတွက် အမြန်ပြီးစီးအောင် စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ ရန်ကုန်တိုင်းစစ်ဌာနချုပ် အင်းတိုင်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းပျိုးထောင်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈၆ဖွဲ့၊ မြို့စည်ပင်သာယာရေးအဖွဲ့ ၆၁ဖွဲ့ တို့က မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၁၀နှစ်စီမံကိန်း

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်၊ တိုင်းများမှ ရေခက်ခဲသော ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့များကလည်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA)၊ အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ Bridge Asia Japan(BAJ)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF) တို့ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသရေရရှိရေး

လီမိတက်က ငွေကျပ်၂၇သိန်း၊ ဦးတင့်ဆန်း-ဒေါက်တာဌေးဌေးငြိမ်း (ACE ဆောက်လုပ်ရေး) က ငွေကျပ် ၂၅သိန်း၊ ရွှေတောင် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၊ Asia HT TECH Co., Ltd က ငွေကျပ်သိန်း၂၀၊ ဦးတေဇ (MD) Htoo Trading Co., Ltd. က ငွေကျပ်သိန်း၂၀၊ ဦးစိုင်းတစ်အောင် (နောင်တုံ ကုမ္ပဏီ)က ငွေကျပ်သိန်း၂၀၊ ဦးရန်ဝင်း (A-၁ ဆောက်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း၂၀၊ တက်ခမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း၂၀၊ ဦးကျော်ဝေ-ဒေါ်ဆွေသဇင်၊ အောင်ကောင်းကျော် ဆောက်လုပ်ရေး

မြို့နယ်လုံးကျွတ်ရေရရှိပြီးသောကျေးရွာများ ရေပူလုံစွာရရှိရေး တိုးမြှင့်ဆောင်ရွက် စေတနာရှင်၊ အလှူရှင်များ ကြည်နူးပီတိပွားနိုင်အောင် စက်ရေတွင်းများပိုမိုအောင်မြင်အောင်ကြိုးစား

ထိုသို့ လမ်းညွှန်မှုအရ စည်ပင်သာယာရေးအဖွဲ့များက ကွင်းဆင်း စာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသော သောက်သုံးရေမရှိသော ကျေးရွာပေါင်း ၈၀၄၂ရွာရှိပြီး အခြားပြည်နယ်နှင့်တိုင်း ၁၄ခုတို့တွင် ၁၅၁၈၃ရွာရှိပါသဖြင့် တစ်နိုင်ငံလုံး အနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ရွာအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းကို စာရင်းကောက်ယူ ရရှိခဲ့ပါကြောင်း။

၅၂ရာခိုင်နှုန်းခန့်ပြီးစီး

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ရွာအနက် စီမံကိန်းကာလစတင်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ ကျေးရွာပေါင်း ၇၄၆၇ရွာ အား သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အခြားပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ၁၅၁၈၃ရွာအနက် ကျေးရွာပေါင်း ၇၈၆၈ရွာအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၅၂ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၅၃၃၅ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

အရှိန်အဟုန်ပိုမိုကြီးမား

ကျေးလက်ဒေသများ ရေရရှိရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၉၉၈ဒသမ၉၀သန်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေကျပ် ၄၀၆၂ ဒသမ၆၄သန်း၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၁၇၃ဒသမ ၉၂သန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၅ဒသမ၆၀သန်း၊ ဂျပန်ယန်း ၇၃၄ဒသမ၀၈သန်း၊ စုစုပေါင်းရန်ပုံငွေကျပ် ၇၂၃၅ဒသမ၄၇သန်း၊ အမေရိကန်ဒေါ်လာ ၅ဒသမ၆၇သန်း၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ ဂျပန်ယန်း ၇၃၄ဒသမ၀၈သန်းကို သုံးစွဲခဲ့သဖြင့် ရေရရှိရေးလုပ်ငန်းများ အရှိန်အဟုန် ပိုမိုမြင့်မားလာခြင်း ဖြစ်ပါကြောင်း။

စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများမှာ ပထမအကြိမ်မှ ဒသမ အကြိမ်အထိ စုစုပေါင်းအလှူရှင် ၁၅၁၅ဦးက ငွေကျပ်၁၁၇၃၉ဒသမ၂၄ သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ EURO၇၇၀၊ FEC၁၀၀၁၂တို့ လှူဒါန်း ရရှိခဲ့ပါကြောင်း။

ယခု ဧကာဒသမအကြိမ်တွင် အလှူရှင်၁၃၃ဦးက ငွေကျပ် ၁၃၁၆ ဒသမ ၈၂သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ ကို ကြိုတင်လှူဒါန်းပေးထားသည့် စာရင်းများအရ သိရှိရပါကြောင်း။

အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်း၌ ခုနစ်မြို့နယ်၊ မကွေးတိုင်း၌ ခုနစ်မြို့နယ်၊ မန္တလေးတိုင်း၌ ၁၁ မြို့နယ် စုစုပေါင်း ၂၅မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေး နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် မကြာခင်က ဖွင့်လှစ်ခဲ့သော ပခုက္ကူခရိုင် အတွင်းရှိ ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့အား မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိ အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် စုစုပေါင်းမြို့နယ်၃၀တွင် မြို့နယ် လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ပခုက္ကူခရိုင် တစ်ခုလုံးကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှ သည် တိုင်းလုံးကျွတ်အဆင့်ထိ တိုးတက်ကာ ရေရရှိရေးကိုလည်း ဆောင်ရွက် သွားရန် ရည်မှန်းထားရှိပြီးဖြစ်ပါကြောင်း။

စမ်းသပ်ဆောင်ရွက်

ယခုအခါတွင် စက်သုံးဆီရရှိရေးအတွက် ခြစည်းရိုးကြက်ဆူပင်များ ကို ကျေးရွာခြံစည်းရိုးများတွင် စိုက်ပျိုးကြပြီး ကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း စမ်းသပ်ဆောင်ရွက်လျက်ရှိရာ အောင်မြင်နေပြီ ဖြစ် ပါကြောင်း။

အလှူရှင်များ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် စည်ပင်သာယာ ရေးအဖွဲ့ အဆင့်ဆင့်ရှိ ဝန်ထမ်းများက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ လှူဒါန်းခဲ့သော စက်ရေတွင်းများ ရာသက်ပန်အသုံးပြုနိုင်ရေးအတွက် ပြုပြင် ထိန်းသိမ်း မွမ်းမံခြင်းများကိုလည်း ကျေးလက်ဒေသရှိ ပြည်သူများနှင့် ပူးပေါင်း၍ စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ဆောင်ရွက်သွားပေးမည်ဖြစ် ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အလှူငွေများပေးအပ်လှူဒါန်း

ထို့နောက် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် အလှူငွေများအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်၄၃သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူလုပ်ငန်းများက ငွေကျပ် သိန်း၁၀၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ်၂၅သိန်း၊ ဦးကြည်စွမ်-ဒေါ်တင်တင်ဝင်း ပတ္တမြားဆန်စက် ကျိုက်လတ်မြို့က ငွေကျပ် သိန်း၁၀၀၊ ဦးချစ်ခိုင် (Eden Group Co., Ltd) က ငွေကျပ် သိန်း၃၀၊ တောင်ကြီးမြို့နေ ဦးကျော်ဦး၊ ဦးချစ်စိန်မိသားစု မြတ်ယမုံကုမ္ပဏီက ငွေကျပ်၂၈သိန်း၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဆွေမိသားစု (Waterwork Engineering Group Co., Ltd) ရေနှင့်သန့်ရှင်းမှု အင်ဂျင်နီယာလုပ်ငန်းအဖွဲ့ ဝန်ဆောင်မှုကုမ္ပဏီ

ကုမ္ပဏီက ငွေကျပ်သိန်း၂၀၊ ဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း)-ဒေါ်ညွန့်ယဉ်၊ သား မောင်သန့်စင်ထွန်း-မငြိမ်းငြိမ်းမိုး၊ သမီး မြတ်ခိုင်သီ- မောင်မိုးကျော်မြင့်၊ သား မောင်စိုးဆက်ထွန်းနှင့် မြေး မယွန်းလက်ျာတို့က ငွေကျပ်၁၈သိန်း၊ ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်မိုးအား ရည်စူး၍ ဖခင်ကြီး ဦးတက်ငှာအား အမှူးထားပြီး ဦးမြင့်ဆွေ၊ ဦးမြင့်စိန်၊ ဦးမြင့်ထွေး၊ ဦးအောင်လွင်၊ ဒေါ်မြကြူ၊ ဦးအောင်ဇော် သားသမီးမြေးတစ်စုတို့က ငွေကျပ် ၁၆သိန်း၊ မိခင် ဒေါ်ရင်ရင်မေ၊ ဦးခင်မောင်မြင့်-ဒေါ်အုံးအုံးအောင်၊ သားပြည်ဟိန်းကျော် (လှသူဇာ ရတနာ မိသားစု၊ အင်းစိန်ဈေး)က ငွေကျပ်၁၆သိန်း၊ မိုးကြယ်စင် ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ်၁၅သိန်း၊ ကွယ်လွန်သူ ဖခင် ဦးညွန့်ဟန်၊ မမ ဒေါ်ဌေးဌေးမြင့်၊ မောင်လေး ငယ်ငယ်၊ တူလေး ထွန်းထွန်းအား ရည်စူး၍ မိခင်ဒေါ်မြကြည်အား အမှူးထားကာ သမီးများဖြစ်သော ဒေါ်ခင်ထွေးမြင့်၊ ဒေါ်သီတာမြင့်တို့က ငွေကျပ် ၁၄သိန်း၊ ကွယ်လွန်သူ နှစ်ဖက်သော ဘိုးဘွားများနှင့် ဦးဝင်းအား ရည်စူး၍ ဒေါ်ခင်လှ မိသားစုက ငွေကျပ်၁၄သိန်း၊ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးဟံငြိမ်း-ဒေါ်နွဲ့နွဲ့ယဉ်၊ သမီး မသန္တာဆွေဦး၊ သား မောင်တင် ဇာလွင်ဦးတို့က ငွေကျပ်၁၁သိန်း ငါးသောင်း၊ ဦးကျော်ဆန်း-ဒေါ်ခင်မြမြ မိသားစုက ငွေကျပ်၁၀သိန်း၊ ဦးစိန်ဝင်း (ရတနာစိန်သရဖူကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၀သိန်း၊ ဦးဝင်းအောင်-ဒေါ်မိုးမြမြမိသားစု Dagon International Ltd. က ငွေကျပ် ၁၀သိန်း၊ ဦးဝင်းထင်ကျော် (အုပ်ချုပ်မှုဒါရိုက်တာ) W.H.K Co., Ltd. က ငွေကျပ် ၁၀သိန်း၊ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀သိန်း၊ ဦးသိန်းဝင်း (MD)-ဒေါ်တင်တင်ဝင်း (ရွှေသပြေကုမ္ပဏီ)က ငွေကျပ် ၁၀သိန်း၊ ဦးအောင်ထွေး၊ Golden Flower Co., Ltd. က ငွေကျပ် ၁၀သိန်း၊ ဦးဇော်မျိုးနိုင် (MD), ASPIDIN Co., Ltd. က ငွေကျပ်၁၀သိန်း၊ DAMCO' Diamond Mercury Co., Ltd က ငွေကျပ်၁၀သိန်း၊ ဦးဇော်ဇော်(မက်စ်မြန်မာကုမ္ပဏီ)က ငွေကျပ် ၁၀သိန်း၊ TZTM က ငွေကျပ် ၁၀သိန်း၊ ဦးအောင်သက်မန်း ရောရွှေဝါ ဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ်၁၀သိန်း၊ ဦးမောင်မောင်-ဒေါက်တာနီလာသိန်း (မျက်စိ အထူးကု) ရန်ကုန်က ငွေကျပ် ၁၀သိန်း၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်း သွယ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ငွေကျပ် ခြောက်သိန်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ငွေကျပ်ငါးသိန်း၊ ဦးမောင်မောင်-ဒေါ်တင်တင် သားသမီးမြေးတစ်စုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သော မိဘဘိုးဘွားများ အမှူးထား၍ ဦးအောင်မြင့်ထွန်း၊ ဒေါ်နွယ်သန့်စင်၊ သား(မောင်ဆန်းလင်း) မောင်အောင်ခန့်ခိုင်မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးလှ-(ဒေါ်သန်းကြည်)အား အမှူးထား၍ ဦးအေးသိန်း-ဒေါက်တာအေးအေးမူ၊ သမီး အေးမြစန္ဒာတို့က ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးကြီး စိန်တင်ဝင်း(ငြိမ်း)-ဒေါ်သင်းသင်းမြ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးသိန်းနု-ဒေါ်ခင်မြတို့အား အမှူးထား၍ မကြည်ကြည်စန်း၊ မောင်နိုင်ဝင်း၊ မောင်သောင်းနိုင်တို့က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့မပိုင်း ဦးအောင်မြင့်-ဒေါ်ခင်စော သားသမီးမြေးတစ်စုတို့က ငွေကျပ်ငါးသိန်း၊ ဦးထွန်းခံ-ဒေါ်လီလီသာ၊ သမီးကြီး ဒေါက်တာခင်ညိမ်းခံ၊ သမီးငယ် မအေးမြတ်ခံ

စာမျက်နှာ ၆ ကော်လံ ၁

29-1 (05).p65 1 3/25/1905, 11:32 PM

စာမျက်နှာ ၅ မှ

တို့က ငွေကျပ်ငါးသိန်း၊ အမရပူရမြို့နယ် တလုတ်တန်းရပ်နေ မိဘနှစ်ပါးဖြစ်သော ဦးဘဝင်းနှင့် ဒေါ်နုနုတို့အား အမှူးထား၍ သမီး ဒေါ်မိမိခင်က ငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်သော ဦးဟန်စိန်-ဒေါ်သိန်း၊ ဦးတင်-ဒေါ်ခင်စိန်တို့အားရည်စူး၍ ဒေါက်တာဦးခင်မောင်အေး- ဒေါက်တာဒေါ်ခင်သန်းတင်၊ သား မောင်သန်းထိုက်ကျော်တို့က ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးဝင်းအောင်-ဒေါ်နယ်လီအေး၊ သမီး နန်းမိုခမ်း၊ သား စိုင်းနော်ခမ်းတို့က ငွေကျပ်ငါးသိန်း၊ ဦးခွန်ဝင်းအောင်၊ စံဖွံ့ဖြိုး(သစ်)လုပ်ငန်းကုမ္ပဏီတို့က ငွေကျပ်ငါးသိန်း၊ ဖခင် ဦးမြင့်ဆွေ၊ မိခင် ဒေါ်ခင်ဆွေဆွေတို့အားရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးများက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ စန္ဒရားဒေါက်တာ သိန်းမြင့်သန်း-ဇနီး သဲသဲအေး၊ သမီး သဲသီရိလင်းတို့က ငွေကျပ်ငါးသိန်း၊ ဦးဟန်စိန်-ဒေါ်မြင့်မြင့်အေး သဃ်န်းကျွန်း ရန်ကုန်က ငွေကျပ်ငါးသိန်း၊ ဦးညွန့်ဟန်-ဒေါ်လှလှညွန့်၊ သီရိမေအထည်ဆိုင် မန္တလေးက ငွေကျပ်ငါးသိန်း၊ ဦးသော် (အငြိမ်းစား/တပ်မတော်ရေတပ်)-ဒေါ်တင်မမိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးထင်အောင်- ဒေါ်ယုဇနရှိန်၊ သမီး မေမြတ်နှင်းအောင်၊ သက်စုအောင်မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (B.T.B) ကုမ္ပဏီမိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအားအမှူးထား၍ ဦးမောင်မောင်-ဒေါ်ခင်ဝင်းဆွေ (ရွှေနန်းတော် ရောင်းဝယ်ရေး) မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးသန်းရွှေ-ဒေါ်ဥမ္မာဝင်း မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအားအမှူးထား၍ ဦးဝင်းသူ-ဒေါ်လဲ့လဲ့သိန်းမိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်မိဘများအားရည်စူး၍ ဦးလမင်း-ဒေါ်စန္ဒာ မိသားစုက ငွေကျပ်ငါးသိန်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးမင်းသူ-ဒေါက်တာသစ်သစ်ဦး၊ သားဘုန်းမြင့်သူ၊ ကျော်ဇင်သူမိသားစုက ငွေကျပ်သုံးသိန်း၊ ဖခင်ကြီး ဦးသိန်းကော့ကျန်အားရည်စူး၍ မိခင်ဒေါ်တင်ကြည်၊ သမီး မသီတာစန်းမိသားစု၊ ကွယ်လွန်သူ ဖခင်ဗိုလ်ကြီးမောင်စောနှင့် မိခင် ဒေါ်သင်းကြည်အား ရည်စူး၍ သားသမီးမြေးတစ်စု၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဗိုလ်ကြီးထွန်းလင်းတင့်(ငြိမ်း)-ဒေါ်စောမြတ်သင်၊ သား ထက်မာန်အောင်၊ သမီး ဇွန်ဇာဇူးဇင် ၊ ဖခင်ကြီး ဦးစောကြူနှင့် မိခင်ကြီး ဒေါ်ခင်လှိုင် အားရည်စူး၍ ဦးကျော်မင်းထွန်း-သမီး ဒေါ်မိမိချို မိသားစု၊ ဖခင်ကြီး ဦးစောကြူနှင့် မိခင်ကြီး ဒေါ်ခင်လှိုင်အား ရည်စူး၍ သမီး ဒေါ်ခင်ခင်စန်း(ကထိက၊ ရူပဗေဒ၊ ဒဂုံတက္ကသိုလ်)၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်သိန်းနု မိသားစု၊ မင်းဘူးမြို့ ဦးထွန်းကို၊ ဒေါ်သန်းကြည် အမှူးထား၍ ဦးစိုးဝင်း၊ ဒေါ်သန်းသန်းလှိုင်မိသားစု၊ မိခင်ကြီး ဒေါ်အေးကြည်၏(၆၆)နှစ်မြောက် မွေးနေ့အလှူ သားသမီးမြေးမိသားစု၊ မအေးအေးဝင်း၊ မဆွေဇင်နွယ်(ခ) ဇာဇာ၏ အသက်(၂၂)ပြည့် မွေးနေ့အလှူ(၂၀-၁၂-၂၀၀၅)၊ ဦးထွန်း-ဒေါ်သန်းမေ သားသမီး မြေးမြစ်တစ်စု၊ မိဘနှစ်ပါးနှင့် အစ်ကို အစ်မ ဆွေမျိုးများအား အမှူးထား၍ ဗိုလ်ဇာနည်အောင် စစ်တက္ကသိုလ် ခေတ္တပြင်ဦးလွင်၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးမောင်မောင်ရွှေ-မသန္တာဆွေဦး၊ သားမောင်သုထက်၊ မောင်သုဝေတို့က ငွေကျပ်နှစ်သိန်း ငါးသောင်းစီနှင့် ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်အောင်မြတ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး)တို့က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီးများ ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အလှူရှင်များ အပါအဝင် အလှူရှင်၁၃၄ဦးတို့က လှူဒါန်းငွေမှာ စုစုပေါင်းငွေကျပ် ၁၃၂၁ ဒသမ ၈၂ သိန်းနှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

မျှမျှတတဖွံ့ဖြိုးရေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် **ဒို့တာဝန်အရေး(၃)ပါး** နှင့် **ဦးတည်ချက်များ** ချမှတ်ပြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီး တစ်ရပ်လုံး မျှမျှတတဖွံ့ဖြိုးရေးကို ရည်မှန်းပြီး စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

တာဝန်ပေးအပ်ထား

မြန်မာနိုင်ငံရှိ လူဦးရေ (၇၀)ရာခိုင်နှုန်းခန့် နေထိုင်သော အများစုဖြစ်သည့် ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးတာဝန်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းများအဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားကြောင်း။

အပူပိုင်းဒေသမိုးနည်းရပ်ဝန်းဒေသများ၌ နွေအခါတွင် ရေရရှိရေးကို အဓိကရင်ဆိုင်ပြီး လူမှုဒုက္ခများ ကြုံတွေ့နေရသဖြင့် ရေတစ်စည် တစ်ထမ်းရရှိရေးအတွက် မနက် မိုးမလင်းမီကတည်းက လေးငါးမိုင်ခန့်သို့ သွားရောက်၍ ရေခပ်ယူရသဖြင့် နေ့တစ်ဝက်ခန့်အချိန်ကုန်ပြီး အခြားစားသောက်နေထိုင်ရေး လုပ်ငန်းများ မဆောင်ရွက်နိုင်ခဲ့သည့်ပြင် ရေရှားပါး၍ တစ်ကိုယ်ရေသန့်ရှင်းမှု မဆောင်ရွက်နိုင်ခြင်းကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားသော ရောဂါများဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေး ဦးစီးဌာနမှ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ရန်ပုံငွေ၊ စေတနာရှင် ပြည်သူများမှလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီအလှူငွေများဖြင့် ဆောင်ရွက်နေကြောင်းကို သိရှိရကြောင်း။

လက်တွေ့ခံစား

ထိုသို့ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စီမံကိန်းကာလစတင်သည့် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ဒီဇင်ဘာလကုန်အထိ အပူပိုင်းဒေသတိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းသုံးတိုင်းရှိ ကျေးရွာ ပေါင်း၈၀၄၂ ရွာအနက် ၇၄၆၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီး၍ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ရေခက်ခဲသော ကျေးလက်ပြည်သူရှစ်သန်းခန့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ပူးပေါင်းကူညီမှု၏အကျိုးကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အပူပိုင်းဒေသတွင် ရေရရှိရေးဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော ပြည်နယ်၊ တိုင်းများတွင်လည်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၇၈၆၈ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကို သိရှိရကြောင်း။

အောင်မြင်အောင်ကြိုးစား

ထို့အပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသများပါမကျန် ရေချိုရရှိရန် စည်ပင်သာယာရေးအဖွဲ့များက စမ်းသပ်တွင်းများတူးဖော်လျက်ရှိရာ ရေငန်ဒေသများတွင် အလားအလာကောင်းများ တွေ့ရှိနေကြောင်း သိရှိရသည့်အတွက် ရည်မှန်းချက်များအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုကြောင်းကို ပြောကြားလိုကြောင်း။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နေရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ၁၂ မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၁ မြို့နယ် စုစုပေါင်းမြို့နယ် ၃၀ တွင် မြို့နယ်လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှတစ်ဆင့် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသောကျေးရွာများအား ရေဖူလုံစွာ ရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်ကိုလည်း လိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

ပထမအကြိမ်မှ ဒသမအကြိမ်အထိ အလှူရှင် ၁၅၁၅ ဦးက လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၁၇၃၉ ဒသမ ၂၄၉၁ သိန်း၊ အမေရိကန်ဒေါ်လာ ၇၄၂၅၂၊ EURO ၇၇၀ နှင့် FEC ၁၀၀၁၂ တို့လှူဒါန်းခဲ့သကဲ့သို့ ယခု ဧကာဒသမအကြိမ်တွင်လည်း အလှူရှင်များက ငွေကျပ်သိန်း ၁၃၂၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀ လှူဒါန်းထားကြောင်း သိရှိရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စေတနာရှင်အလှူရှင်များ ကြည်နူးပီတိပွားနိုင်အောင် စက်ရေတွင်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် တူးဖော်ပြီးခဲ့သော စက်ရေတွင်းများကိုလည်း ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့် ပူးပေါင်းအသိပညာပေး ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့်ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စားကျေးဇူးတင်ရှိပြီး မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း သံလွင်တံတား(မော်လမြိုင်)ချဉ်းကပ်ရထားလမ်းများစစ်ဆေး လုပ်ငန်းမြန်ဆန်အောင် ဝန်ထမ်းအားလုံးကြိုးပမ်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-ပဲခူး-မုတ္တမလမ်း မိုင်တိုင်၁၇၁/၀ရှိ ရန်ကုန်-မော်လမြိုင် တိုက်ရိုက်ရထားလမ်းကြီးအတွက် အသစ်ဆောက်လုပ်နေသည့် မုတ္တမရပ်စခန်းဘူတာနေရာသို့ ရောက်ရှိပြီး သံလွင်တံတား(မော်လမြိုင်)သို့ မုတ္တမဘက်ကမ်းချဉ်းကပ် ရထားလမ်းမြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြေသားလုပ်ငန်း ပြီးစီးနေသော အပိုင်းလိုက် ဇလီဖားနှင့် သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းလုပ်ငန်းများဆောင်ရွက်မှု၊ ရထားဆိုက်ကပ်ရန် စင်္ကြံအဆောက်အအုံနှင့် ရပ်စခန်းဘူတာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးက မြေသားတာပေါင်လုပ်ငန်းသတ်မှတ်အတိုင်းအတာ ပြည့်မီရေးနှင့် ခိုင်ခံ့မှုရှိစေရေး၊ ရပ်စခန်းဘူတာသို့ မော်တော်ယာဉ်ဝင်ထွက်လမ်း ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လုပ်ငန်းမြန်ဆန်အောင် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားသည်။

တာဝန်ယူ

အဆိုပါ မုတ္တမဘက်ကမ်း ချဉ်းကပ်ရထားလမ်းအတွက် လက်ရှိ ရန်ကုန်-ပဲခူးရထားလမ်း မိုင်တိုင် ၁၆၉/၀မှ စတင်၍ မိုင်တိုင် ၁၇၁/၀အထိ တာပေါင်ထိပ်ဝအကျယ်ပေ၂၀နှင့် အမြင့်ပေ၃၃ရှိအောင် မြေသားတာပေါင်တည်ဆောက်ခြင်း လုပ်ငန်းကိုပါမြန်မာ့မီးရထားမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်ရှိ ချဉ်းကပ်ရထားလမ်းအတွက် မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဇလီဖားနှင့် သံလမ်း အကြမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ရွှေပြည်အေးရပ်ကွက်ရှိ အမြင့် ၃၂ ပေ ကားလမ်းကူး ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်ဘူတာသစ်ကြီးနှင့် ယာဒ်ဝင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးလွှမ်းသူက သံလွင်တံတား(မော်လမြိုင်)သို့ နှစ်ဖက်ချဉ်းကပ်ရထားလမ်းများနှင့် တံတားများ၊ ကားလမ်းကူးနေရာများ ဆောင်ရွက်ပြီးစီးမှု၊ ဘူတာအဆောက်အအုံနှင့် ယာဒ်ဝင်းအတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ပစ္စည်းရရှိစုဆောင်းမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းအလိုက် အသေးစိတ် ဆောင်ရွက်သွားမည့်အချက်များကို ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘူတာပလက်ဖောင်း၊ စင်္ကြံအမိုးသွပ်ပြားများ တပ်ဆင်ခြင်း၊ ရေသွားလျှောက် ရေဆင်းကောင်းမွန်ရန် ဆောင်ရွက်ခြင်းနှင့် လက်မှတ်ရောင်းချမည့်နေရာကိုလည်းကောင်း၊ ပထမထပ်၌ ရုံးခန်းများဖွဲ့စည်းတည်ဆောက်ထားမှုကိုလည်းကောင်း၊ ဒုတိယထပ်၌ Control Tower အခန်းတို့ကိုလည်းကောင်း လှည့်လည်စစ်ဆေးပြီး အဆောက်အအုံ စံချိန်စံညွှန်းပြည့်မီခိုင်မာရေး၊ ဘူတာ ယာဒ်ဝင်းအတွင်း အရိပ်ရပင်များ စိုက်ပျိုးပြီး စိမ်းလန်းသာယာမှုရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည်မော်လမြိုင်၊ တောင်ဝိုင်းကားလမ်းကူးနေရာသို့ရောက်ရှိပြီး ကားလမ်းကူးနေရာနှင့် ရထားလမ်းကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရေးအတွက် လက်ရှိ သစ်သားဇလီဖားများအတွင်း ကွန်ကရစ် ဇလီဖားဖြင့် ကြားညှပ်လဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှ ဆက်လက်၍ မော်လမြိုင်-ရေး၊ ထားဝယ်ကားလမ်း၏အောက်မှ ဖြတ်သန်းဖောက်လုပ်ထားသော ရထားဥမင်၏ မြေထိန်းနံရံ ဆောင်ရွက်မှုလုပ်ငန်းတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူး-မုတ္တမရထားလမ်း၏ ဝေါမြို့နယ် ဆပ်သွားကုန်းဘူတာအနီးမှ ရန်ကုန်-မန္တလေး ရထားလမ်း ဒိုက်ဦးဘူတာသို့ တိုက်ရိုက်ဖောက်လုပ်မည့်စစ်တောင်း(ဆပ်သွားကုန်း) မြစ်ကျိုး-ဒိုက်ဦး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆပ်သွားချုံလမ်းခွဲဘူတာယာဒ်ဝင်း တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်ပညာသင်ယူနိုင်သည့် ဒီဂရီကောလိပ်နှင့်နည်းပညာသိပ္ပံတို့ကို ခုံခုံညားညားတည်ဆောက်ဖွင့်လှစ်ပေးခဲ့ အခြေခံကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး သားစဉ်မြေးဆက်အထိအသုံးပြုနိုင်အောင်ကြိုးစား

✡ **ရှေ့ဖုံးမှ**

လမ်းခရီးတစ်လျှောက်တွင် အညာဒေသအတွင်း စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းရေးနှင့် နယ်မြေဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်က စုဖွဲ့တည်ဆောက်ပေးထားသော ကြက်မောက်တောင် ရေလှောင်တမံ၊ ပင်းချောင်းရေလှောင်တမံ၊ တောင်ရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံတို့၏ ရေပေးဝေမှုအခြေအနေ၊ ဆည်ရေသောက်ဧရိယာအတွင်း ပြည်သူများ ဆည်ရေအကျိုးရရှိနေမှု၊ ကျောက်တံခါးတောင်ရေနှင့် ကြက်မောက်တောင် ရေလှောင်တမံတို့အကြား ရေသွယ်မြောင်းကြီးဖြင့် ဆက်သွယ်ထားသည့် အခြေအနေနှင့် ယင်းရေလှောင်တမံများ၏ ကျေးဇူးကြောင့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းနေမှုများ၊ ဒေသစိမ်းလန်းစိုပြည်နေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွပ်ကျယ်စက်ရုံ(တောင်သာ)သို့ ရောက်ရှိကြပြီး စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စက်ရုံအဝင်မုခ်ဦး၌ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd. အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Haoတို့က ဖဲကြိုးဖြတ်၍ စွပ်ကျယ်စက်ရုံ(တောင်သာ)ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက စွပ်ကျယ်စက်ရုံ(တောင်သာ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုအချိန်တွင် အမရပူရမြို့နယ် စာတိုးခေတ်ဆန်းစည်တော်အဖွဲ့က အောင်ကြောင်း မင်္ဂလာရတုဖြင့် သီဆိုစည်တော်ရွမ်းကြသည်။

သကဲ့သို့ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီးဒေသတို့တွင် ချည်မျှင်နှင့် အထည်စက်ရုံများ၊ ကျောက်ဆည်ဒေသတွင် စက်ဘီးစက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ ဖိနပ်စက်ရုံ စသည့် လူသုံးအိမ်သုံးစက်ရုံများကို ဆက်တိုက်ထူထောင်လျက်ရှိကြောင်း။

အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းက ဝင်ရောက်ရင်းနှီးလုပ်ကိုင်ရန် မလွယ်ကူသေးသည့် စက်ရုံများ၊ အရင်းအနှီးကြီးပြီး အဆင့်မြင့်နည်းပညာသုံးစွဲရသည့်စက်ရုံများကို မြန်မာပြည်အောက်ပိုင်းတွင်ရော အထက်ပိုင်းဒေသ၌ပါ နိုင်ငံတော်က ယခုကဲ့သို့ရင်းနှီးမြှုပ်နှံထူထောင်နေခြင်းဖြစ်ကြောင်း။

ယှဉ်တွဲဖွံ့ဖြိုးတိုးတက်လာ

ဤကဲ့သို့ ထူထောင်လုပ်ကိုင်ရာတွင် မိမိတို့နိုင်ငံ၏ ရေမြေအခြေအနေအရ လွယ်လင့်တကူရနိုင်သည့် စက်မှုကုန်ကြမ်းများကို အခြေပြုထားသည့် စက်ရုံများကိုရော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် စက်ရုံများကိုပါ ရွေးချယ်ထူထောင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် ဘိလပ်မြေစက်ရုံများ၊ သံမဏိစက်ရုံများ၊ သကြားစက်ရုံများ၊ ဆပ်ပြာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းနှင့် မြင်းခြံခရိုင်တို့မှ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd. မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ မြင်းခြံခရိုင်နှင့် တောင်သာမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စွပ်ကျယ်စက်ရုံ(တောင်သာ)ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၆၅၀၀ တို့ တက်ရောက်ကြသည်။

အပြန်အလှန်ဆက်စပ်တည်ရှိ

ထို့နောက် စွပ်ကျယ်စက်ရုံ(တောင်သာ)ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို စက်ရုံအတွင်းရှိ မင်္ဂလာမဏ္ဍပ်စင်မြင့်၌ ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ဤစက်ရုံဖွင့်လှစ်နိုင်သည့်အတွက် နယ်သူနယ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ထွက်လာသကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုတတ်သည့် အဆင့်အတန်းရှိသောနည်းပညာသည်လည်း စက်ရုံဝန်ထမ်းများမှတစ်ဆင့် နယ်မြေအတွင်းတွင် ဆင့်ကဲဆင့်ကဲ ရင်းနှီးပြန့်ပွားလာမည်ဖြစ်ကြောင်း၊ ပြီးခဲ့သောသုံးလကျော်ခန့်ကလည်း မြင်းခြံနယ်မြေနှင့်ကပ်လျက်ရှိသည့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် ပခုက္ကူချည်မျှင်နှင့်အထည် စက်ရုံကြီးတစ်ခုကို အမှတ်(၁)စက်မှုဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အတွက် မြင်းခြံနှင့် ပခုက္ကူဒေသတို့သည် မြန်မာ့အထည်အလိပ်စက်မှုလုပ်ငန်းအခြေပြုရာဒေသများအဖြစ် အပြန်အလှန်ဆက်စပ်တည်ရှိ ပြောင်းလဲလာပြီဖြစ်ကြောင်း။

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုပြီး နယ်မြေဒေသအနှံ့တွင် ထူထောင်နေခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းတွင် သာပေါင်းစက္ကူပျော့ဖတ်စက်ရုံ ထူထောင်

စက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်ရုံများ၊ ဆေးဝါးစက်ရုံများ၊ ဒီဇယ်အင်ဂျင်ထုတ်လုပ်သည့်စက်ရုံများ စသည့် ခေတ်မီစက်မှုလုပ်ငန်းများ တစ်ပြိုင်တည်း ပေါ်ထွက်လာနေခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှင် တိုင်းပြည်တွင် အခြေခံကျသည့် လယ်ယာကဏ္ဍသည် ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ စက်မှုကဏ္ဍသည်လည်း လယ်ယာကဏ္ဍနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ဤနေရာတွင် မြင်းခြံဒေသသည် ပြောင်းလဲတိုးတက်နေသည့် နိုင်ငံတော်၏ဖြစ်စဉ်ကြီးနှင့်အတူ ထပ်တူထပ်မျှလိုက်ပါနေသည့် အချက်အချာကျသော တက်ကြွသောဒေသတစ်ခုဖြစ်ကြောင်းကို သတိထားမိကြောင်း။

ရေရှားပါးမှုဒဏ်၊ ပူပြင်းမှုဒဏ်၊ ဆင်းရဲနွမ်းပါးမှုဒဏ် စသည့် သဘာဝဖိစီးမှုဒဏ်များ ခံစားခဲ့ရသည့်ဒေသဖြစ်သကဲ့သို့ တစ်ချိန်တစ်ခါက ရဲဘော်ဖြူ၊ ကွန်မြူနစ် စသည့် လက်နက်ကိုင်ဆူပူလှုပ်ရှားမှု၏ ဒဏ်ရော၊ ဖဆပလ၊ ပထစ၊ ပမညတစသည့် မြေပေါ်ပါတီအဖွဲ့အစည်းများစသည့် လူ့ပယောဂနှင့်ယှဉ်သည့် နိုင်ငံရေးလှိုင်းဂယက်ကိုပါ ပြင်းထန်စွာခံစားခဲ့ရသည့် နယ်မြေဖြစ်ကြောင်း။

မြင်းခြံခရိုင်သည် မန္တလေးတိုင်းတွင် လူဦးရေအများဆုံးဖြစ်ပြီး ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်သော နယ်မြေ၊ ထန်းလျက်၊ ကြက်သွန်နီ အများအပြားထွက်သည့် နယ်မြေလည်းဖြစ်ကြောင်း၊ ထို့အပြင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ကုန်သည်ပွဲစားများ အများအပြားပေါ်ထွက်ရာ နယ်မြေလည်းဖြစ်ခြင်းကြောင့် မြင်းခြံခရိုင်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရ နိုင်ငံတော်တွင် အရေးပါသည့် နယ်မြေတစ်ခုဟုလည်း ဆိုနိုင်ကြောင်း၊ မိုးခေါင်ရေရှားပူပြင်းခြောက်သွေ့သည့် အညာဒေသ၏ ဗဟိုအချက်အချာ ဖြစ်သည့်အတွက် ပူပြင်းမှုဒဏ်၊ မိုးခေါင်မှုဒဏ်၊ ရေရှားပါးမှုဒဏ်တို့ကို ခါးစည်းခံစားကြရကြောင်း၊ မိုးခေါင်ရေရှားသည့် နယ်မြေဖြစ်သည့်အတိုင်း ဆန်စပါးကို များများစားစားစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ နီးစပ်ရာမြစ်သား၊ ကျောက်ဆည်၊ ရွှေဘိုနယ်တို့မှ ဆန်နှင့် အောက်မြန်မာပြည်မှ ဆန်များအပေါ် မှီခိုအားထားနေရသည့် ဆန်လိုဒေသဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရ တာဝန်ယူချိန်မှစပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုအရ မြင်းခြံခရိုင်အပါအဝင် အညာဒေသအတွင်းတွင် ရှိသမျှရှားရှားပါးပါး ရေအရင်းအမြစ်များကို ကြိုးကြိုးစားစားရှာဖွေဖော်ထုတ်ပြီး ရေရရှိရေးလုပ်ငန်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးစသည့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ဖိဖိစီးစီး တွန်းတွန်းတိုက်တိုက် အကောင်အထည်ဖော်ခဲ့ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

လက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စွပ်ကျယ်စက်ရုံ (တောင်သာ) ဖွင့်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd.မှ အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Hao အား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့ကြောင့် ယနေ့ဆိုလျှင် မြင်းခြံခရိုင်အတွင်းတွင် တောင်သာဆည်၊ ကျောက်တစ်လုံးဆည်၊ စွန်းလွန်းဆည်၊ တောင်ပင်လယ်ဆည်၊ မြောက်ပင်လယ်ဆည်၊ သမက္ကူဆည်၊ စွန်ကန်၊ ဝဲလောင်ဆည်၊ ပင်းချောင်းဆည်၊ ဇီးတောဆည်၊ မြို့သာဆည်၊ ဖောင်းကတောဆည်၊ နတ်သားတောဆည်စသည့် ရေလှောင်တမံ ၁၅ခုကို တည်ဆောက်ပြီးခဲ့သကဲ့သို့ ဧရာဝတီမြစ်ရေတင်စီမံကိန်းများဖြစ်သည့် ကျောက်တစ်လုံး၊ ရှာသစ်၊ ငါန်းမြှာ၊ ဆီမီးခုံ(၁)၊ ဆီမီးခုံ(၂)၊ ဆီမီးခုံ(၂)တိုးချဲ့၊ သာပေါင်း၊ ဆိတ်ညံ၊ ကျောဇီစသော စီမံကိန်းကိုးခုကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း၊ တောင်သာတောင်၊ နန်းမြင့်တောင်၊ ကုက္ကဲတောင်၊ မြင်းစိုင်းတောင်၊ ကျောက်တစ်လုံးတောင်၊ မင်းစုံတောင်စသည့် တောင်စဉ်တောင်တန်းများသည် သစ်တော၊ သစ်ပင်များ ပြုစုပျိုးထောင်လိုက်သည်နှင့်အမျှ စိမ်းလန်းစိုပြည်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် **နယ်သူ နယ်သားများသည် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရက ပြုစုရင်းနှီးထူထောင်ထားသည့် ရေရရှိရေးလုပ်ငန်းများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးချပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးအောင်၊ ဒေသဆန်ဖူလုံအောင်၊ သီးနှံအထွက်တိုးအောင်၊ တစ်ဦးချင်းကြီးပွားတိုးတက်အောင် အားထုတ်ကြိုးပမ်းကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ရေ၊ မြေ၊ ရာသီဥတုကို ထိန်းနိုင်သည့် သစ်တော၊ သစ်ပင်များကို မြတ်မြတ်နိုးနိုး ကာကွယ်စောင့်ရှောက်ကြရန်လည်း အရေးကြီးကြောင်း။**

စေတနာဖြင့်ကူညီဆောင်ရွက်

နိုင်ငံတော်အပိုင်းက ရေရရှိရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့လုပ်ကိုင်ရန် မလိုလောက်အောင် တည်ဆောက်ထူထောင်ခဲ့ပြီး ဖြစ်သော်လည်း ယနေ့ဒေသဆန်ဖူလုံသည့် မြင်းခြံခရိုင်အနေဖြင့် ၁၉ ရာခိုင်နှုန်းခန့်၊ တောင်သာမြို့နယ်အနေဖြင့် ၁၇ ရာခိုင်နှုန်းခန့်ပင် ရှိသေးသည့်အတွက် ဒေသခံပြည်သူများအပိုင်းက ဆက်လက် အားထုတ်ကြိုးပမ်းကြရန် လိုအပ်နေကြောင်းကို ဖော်ထုတ်ရရှိလျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ရေရရှိရေးလုပ်ငန်းတွင် တာဝန်ယူနေရသည့် ဝန်ထမ်းအဆင့်ဆင့်ကလည်း စိုက်ပျိုးရေရရှိအောင်၊ ရေသေချာအောင်၊ ရေပေးတူးမြောင်းစနစ်များကောင်းနေအောင် ဂရုတစိုက်ပြုပြင် ထိန်းသိမ်းပြီး တောင်သူလယ်သမားများကို စေတနာဖြင့် ကူညီစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏လစာကိုစားပြီး နိုင်ငံ့ဝန်ကို ထမ်းနေသူများ၊ ပြည်သူကိုအလုပ်အကျွေးပြုမည့်သူများဖြစ်သည်ဟု ခံယူထားကြမှသာ တာဝန်ကျေပွန်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက မြင်းခြံခရိုင် မြင်းခြံဒေသတွင် ယခုကဲ့သို့စက်ရုံ၊အလုပ်ရုံများ၊ ဆည်တမံများ၊ မြစ်ရေတင်စခန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မတည်ထူထောင်သကဲ့သို့ သွားရေးလာရေး လွယ်ကူချောမွေ့စေရန် မြင်းခြံ-နွားထိုးကြီး-ပလိပ်ရထားလမ်း၊ မြင်းခြံ-ပုဂံ/ညောင်ဦး ရထားလမ်းသစ်များ၊ မြင်းခြံ-ညောင်ဦးကားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် မြင်းခြံစက်မှုဇုန်ကိုလည်း နိုင်ငံတော်၏စက်မှုဇုန်တစ်ခုအဖြစ် ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် လူဦးရေများပြားပြီး အချက်အချာကျသည့်အတွက် အဆင့်မြင့်ပညာသင်ယူနိုင်သည့် ဒီဂရီကောလိပ်နှင့် နည်းပညာသိပ္ပံတို့ကို ခံ့ခံ့ညားညား တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ ယင်းအခြေခံကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး သားစဉ်မြေးဆက်အထိ အကျိုးရှိရှိ အသုံးပြုနိုင်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားထုတ်လုပ်ကိုင်

စိတ်ရင်းစေတနာကောင်းရှိသောဒေသဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏စေတနာနှင့်လုပ်ရပ်ကို အမှန်အတိုင်းခံစားသိရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းစားရေးအတွက်သာ ရည်မှန်းချက်ထားပြီး ဖြူစင်ထက်သန်သည့် စေတနာသဒ္ဓါတရားများဖြင့် အားထုတ်လုပ်ကိုင်ပေးနေခြင်းသာဖြစ်ကြောင်း၊ သာမန်ပုံမှန်စေတနာမျိုးဖြင့်ဆိုလျှင်လည်း စက်ရုံများ၊ ယင်းဆည်များ၊ ယင်းလမ်းများပေါ်ထွက်လာရန်အတွက် အချိန်များ အများကြီးယူရဦးမည်မှာ သေချာကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ လမ်းပြနိုင်မှုတို့အပေါ်တွင် ဒေသခံပြည်သူများကလည်း စေတနာကောင်းကောင်းနှင့် နားလည်မှုရှိရှိ ပူးပေါင်းတုံ့ပြန်ကြရန်လိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အထက်အောက်ညီညွတ်မှုရှိရေး၊ အပြန်အလှန်နားလည်စာနာမှုရှိရေးတို့ကိုအခြေခံပြီး စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို တက်ညီလက်ညီဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်နားလည်မှုရှိရှိ ဦးပွဲထမ်းပြီး ကိုယ့်စွမ်းကိုယ်စဖြင့် နိုင်ငံတော်တည်ဆောက်ရေး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုကဏ္ဍဖွံ့ဖြိုးရေး

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာစေရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး စက်မှုဇုန်ပေါင်း ၁၈ဇုန် ထူထောင်ကာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက် ရှိနေချိန်ဖြစ်ကြောင်း။

ဤစက်ရုံသစ်ကြီး မိမိတို့ မန္တလေးတိုင်းအတွင်းတွင် တည်ဆောက်နိုင်ခဲ့သကဲ့သို့ ဒေသအတွင်း အပါအဝင် တစ်ပြည်လုံးရှိ ပြည်သူများ ဝတ်ဆင်မှုအဆင့်အတန်းမြင့်မားလာစေသည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းသစ်များလည်း ရရှိသည့်အတွက် ထပ်လောင်းကျေးဇူးတင်ရှိကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

ထို့အပြင် တောင်သာမြို့နယ်တွင်ရှိသည့် ချောင်း၊ မြောင်းကြီးများ၏ သဲသောင်ပြင်များပေါ်တွင် ဘက်စုံစိုက်ပျိုးရေးသည်လည်း တပ်မတော်အစိုးရလက်ထက်တွင် အရင်ကထက် ကျယ်ကျယ်ပြန့်ပြန့်နှင့် စရိတ်စက သက်သာစွာ လွယ်လွယ်ကူကူ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ လမ်းညွှန်မှုများအရ လောင်စာဆီအစား အစားထိုးအသုံးပြုနိုင်သော ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ရှာဖွေတွေ့ရှိနေကြပြီဖြစ်ကြောင်း၊ ယင်းခြံစည်းရိုးကြက်ဆူပင်သည် မန္တလေးတိုင်း မြင်းခြံ၊ တောင်သာမြို့နယ် အနှံ့အပြား၌ အလွန်အဖိုးထိုက်တန်စွာ ပေါက်ရောက်လျက်ရှိကြောင်းကို တွေ့မြင်ရကြောင်း။

ကြက်ဆူဆီ၏အစွမ်းသတ္တိနှင့်အသုံးဝင်ပုံများကို ယနေ့အခမ်းအနားတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး၏အစီအမံဖြင့် သရုပ်ပြရှင်းလင်းသွားမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများကလည်း ထိထိရောက်ရောက်လေ့လာရယူသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနက ခင်းကျင်းပြသထားသော ကြက်ဆူဆီအသုံးပြုမှု ပြကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်

နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုနိုင်မှု လမ်းပြနိုင်မှုတို့အပေါ်တွင် ဒေသခံပြည်သူများကလည်း စေတနာကောင်းကောင်းနှင့် နားလည်မှုရှိရှိ ပူးပေါင်းတုံ့ပြန်ကြရန် လိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး အထက်အောက် ညီညွတ်မှုရှိရေး အပြန်အလှန်နားလည်စာနာမှုရှိရေး တို့ကိုအခြေခံပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် အရေးကြီးကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် နားလည်မှုရှိရှိ ဦးပွဲထမ်းပြီး ကိုယ့်စွမ်းကိုယ်စဖြင့် နိုင်ငံတော် တည်ဆောက်ရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက် အရှိန်မြှင့်တင် ဆောင်ရွက်။

ကျေးဇူးတင်စကားပြောကြား

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ရှိ စွပ်ကျယ်စက်ရုံ (တောင်သာ) ဖွင့်ပွဲတွင် ဒေသခံပြည်သူများကိုယ်စား တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာ ကျေးဇူးတင်စကားပြောကြားစဉ်။(သတင်းစဉ်)

ခေတ်အမီဆုံးစက်ရုံ

ယနေ့ဖွင့်လှစ်သည့် စွပ်ကျယ်စက်ရုံ(တောင်သာ)စီမံကိန်းသည် လက်ရှိတည်ဆောက်ပြီးသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံးစက်ရုံတစ်ရုံဖြစ်ပြီး ခေတ်မီပြီး ဒီဇိုင်းဆန်းသစ်လှပသောစွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ အထည်စုံ တစ်နှစ်လျှင် အထည်ရေပေါင်းနှစ်သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ဖွင့်လှစ်ခဲ့သော စွပ်ကျယ်စက်ရုံ(တောင်သာ)စီမံကိန်းသည် များစွာအထောက်အကူဖြစ်သည့်အလျောက် အရည်အသွေးမီထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးနှင့် ကာလရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရေးတို့အတွက် စက်ရုံဝန်ထမ်းများသာမက ဒေသရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကပါ အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် လေးလေးနက်နက် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် မုချမသွေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အထောက်အကူများစွာရရှိ

တောင်သာစွပ်ကျယ်စက်ရုံကြီး ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံ ၁၆၀၀ ကျော် အလုပ်အကိုင်များရရှိကြပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရုံသာမက အလုပ်လုပ်ကိုင်သူများ၏ မိသားစုများ၏ ဘဝများစွာ အဆင်ပြေဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စီးပွားရေးပိုင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပညာရေးပိုင်းတွင် အဆင့်မြင့်ပညာရပ်များကို သင်ကြားခွင့် တိုးမြင့်ရရှိလာပြီး ထူးချွန်ထက်မြက်သူများ ပေါ်ပေါက်ရေး အထောက်အကူများစွာ ရရှိလာကြောင်း။

ယနေ့ဖွင့်လှစ်သည့် တောင်သာစွပ်ကျယ်စက်ရုံကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CWGCကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို တည်ဆောက်ခဲ့သော စက်ရုံကြီးတစ်ရုံဖြစ်သည့်အတွက် တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတွင်လည်း ထူးခြားထင်ရှားသော မှတ်တိုင်ကြီး တစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာက ကျေးဇူးတင်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ်၊ငါန်းဇွန်မြို့နယ်၊ တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် မြင်းခြံ မြို့နယ်တို့၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေး လုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် စက်ရုံအတွင်း အထည်များထုတ်လုပ်နေမှု၊ စက်ယန္တရားများ အသုံးပြုမှုတို့ကို လှည့်လည်စစ်ဆေးသည်။

ရှေးဦးစွာ စက်ထိုးထည်အလုပ်ရုံအတွင်း အလိုအလျောက် ချည်ရစ်စက်၊ ကွန်ပျူတာသို့ ထည့်သွင်းပေးသောဒီဇိုင်းအတိုင်း ပိတ်စများကို ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် ရက်လုပ်သည့် တစ်ထပ်သားထိုးစက်နှင့် နှစ်ထပ်သားထိုးစက်များ၊ ပိတ်စစ်စက်၊ ဖလက်ထိုးစက်များဖြင့် ချည်ထည်များ ရက်လုပ်ထုတ်လုပ်နေမှုနှင့် ထွက်ရှိလာသောပိတ်စများကို ကြည့်ရှုစစ်ဆေးသည်။

အချောကိုင်စက်ရုံ

ယင်းနောက် အချောကိုင်အလုပ်ရုံအတွင်း သာမန်အပူချိန် ဖိအားပေး ဆေးဆိုးစက်၊ အပူချိန်မြင့် ဖိအားဖြင့် ဆေးဆိုးစက်များ၊ ပိတ်သားလှန်စက်၊ ပိတ်သားရေညှစ်စက်၊ ပိတ်ရေစိုဖြန့်စက်၊ အခြောက်လှမ်းစက်နှင့် ကွန်ပျူတာစနစ်ထိန်းချုပ်သည့် ပန်းရိုက်နှင့် အခြောက်ခံစက်ဖြင့် ဆေးရောင်စုံဒီဇိုင်းများ တစ်ပြိုင်တည်း ဆေးဆိုးပန်းရိုက်နေမှုနှင့် တီရှပ်များအပါအဝင် အချောကိုင်စက်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများကို ကြည့်ရှုသည်။

ထို့နောက် အထည်ချုပ်အလုပ်ရုံအတွင်း ပိတ်ဖြန့်စက်များ၊ ဓားဖြောင့် ပိတ်ဖြတ်စက်များ၊ ဓားကွေးပိတ်ဖြတ်စက်များ၊ ပိတ်အနားဖြတ်စက်များ၊ ကုပ်ကြိုးဖြတ်စက်များ၊ မီးပူတိုက်စက်များ စက်လိုင်းအလုံး ၁၅၀ဖြင့် အထည်များ ချုပ်လုပ်နေမှုများကိုကြည့်ရှုပြီး စွပ်ကျယ်စက်ရုံ(တောင်သာ)မှထုတ်လုပ်သည့် စွပ်ကျယ်များ၊ တီရှပ်များ၊ စပို့ရှပ်များ၊ အားကစားဝတ်စုံများ ဝတ်ဆင်ထားသည့် စက်ရုံမှ အလုပ်သမလေးများအား နှုတ်ဆက်သည်။



စနစ်တကျစုစည်းထားရှိ

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း စနစ်တကျကြီးကြပ်မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးချုပ်ဦးဆောင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်တွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန် ၁၈ ခုတွင် အကြီးစားစက်မှုလုပ်ငန်း ၁၆၅၄ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂၄၁၆ ခု၊ အငယ်စားစက်မှုလုပ်ငန်း ၅၅၀၉ ခု စုစုပေါင်းစက်မှုလုပ်ငန်း ၉၅၇၉ ခုကို စနစ်တကျ စုစည်းထားရှိပြီး ဖြစ်ကြောင်း။

အမှာစကားပြောကြား

မန္တလေးတိုင်း မြင်းခြံ ခရိုင် တောင်သာ မြို့ရှိ စွပ်ကျယ် စက်ရုံ (တောင် သာ) ဖွင့်ပွဲတွင် အမှတ် (၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

တစ်ဖက်တွင်လည်း နိုင်ငံတော်ပိုင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဆက်လက်မြင့်တင်နိုင်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနအသီးသီးက မိမိတို့ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြကြောင်း။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနက စက်ရုံစီမံကိန်းသစ်များ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ၁၉၈၈–၈၉ခုနှစ်မှ ၁၉၉၅–၉၆ခုနှစ်အထိ စီမံကိန်းစက်ရုံအသစ် ၁၁ရုံ၊ ၁၉၉၆–၉၇ခုနှစ်မှ ၂၀၀၄–၂၀၀၅ခုနှစ်အထိ စီမံကိန်းအသစ်စက်ရုံ ၄၅ရုံ စုစုပေါင်း စက်ရုံအသစ် ၅၆ရုံကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် တောင်သာစွပ်ကျယ်စက်ရုံသည် ၁၉၈၈–၈၉ခုနှစ်နောက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ၅၇ရုံမြောက် တည်ဆောက်ပြီးစီးသည့် စီမံကိန်းစက်ရုံအသစ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မန္တလေးတိုင်း မြင်း ခြံ ခရိုင် တောင် သာ မြို့ရှိ စွပ်ကျယ် စက်ရုံ (တောင်သာ)ဖွင့်ပွဲ တွင် မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ် ချုပ် ခင် ဇော် အမှာစကား ပြော ကြားစဉ်။
(သတင်းစဉ်)

ကြည့်ရှုအားပေး

ထို့နောက် စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်ရုံဝင်းအတွင်း ခင်းကျင်းပြသရောင်းချသော တောင်သာစွပ်ကျယ်စက်ရုံ ယာယီအရောင်းဆိုင်ရှိ စက်ရုံထွက်အဝတ်အထည်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ခင်းကျင်းပြသ သရုပ်ပြသော ကြက်ဆူဆီထုတ်လုပ်မှု၊ ဒီဇယ်ဆီအစား အသုံးပြုမှုပြကွက်များကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ပြကွက် အမှတ်(၁)တွင် ကြက်ဆူစေ့ဖြင့် ဆီကြိတ်ခြင်း၊ ပြကွက်အမှတ်(၂)တွင် ကြက်ဆူဆီသန့်ခြင်းနှင့် ပြကွက်အမှတ်(၃)တွင် ကြက်ဆူဆီမီးဖိုအသုံးပြုမှုတို့ကို ကြည့်ရှုသည်။ ထို့နောက် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ပြကွက်အမှတ်(၄)တွင် ကြက်ဆူဆီဖြင့် ရေတင်ပန့် သရုပ်ပြမောင်းနှင်ခြင်း၊ ပြကွက်အမှတ်(၅)တွင်ကြက်ဆူဆီဖြင့် 20 KW မီးစက်မောင်းနှင်ခြင်း၊ ပြကွက်အမှတ်(၆)တွင် ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်ခြင်းနှင့် ပြကွက်အမှတ်(၇)တွင် ကြက်ဆူဆီဖြင့် သုံးဘီးယာဉ်မောင်းနှင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပြကွက်အမှတ်(၅)တွင် ပြသထားသော **ကြက်ဆူဆီဖြင့် မောင်းနှင်သည့် မီးစက်သည် မြင်းကောင်ရေအား 60 H.P ရှိ လျှပ်စစ်ဓာတ်အား 20 KW ထုတ်လုပ်နိုင်သည့်စက်အတွက် ဓာတ်ဆီကို အသုံးပြုပါက တစ်နာရီလျှင် ၀ ဒသမ ၃၀ ဂါလန်ကုန်ကျမည်ဖြစ်ပြီး ကြက်ဆူဆီကို အသုံးပြုပါက တစ်နာရီလျှင် ၀ ဒသမ ၃၂ ဂါလန် ကုန်ကျမည်ဖြစ်သည်။**

အကျိုးရှိအောင်အသုံးပြု

ယင်းနောက် ဝန်ကြီးချုပ်က ပြည်တွင်းကထွက်ရှိသည့် ဝါကို ပွင့်ဖြူ စက်ရုံကဲ့သို့သော ချည်မျှင်စက်ရုံများတွင် ချည်မျှင်ရက်လုပ်ပြီး ပလိပ်စက်ရုံတွင် ဆေးဆိုးပြီး အထည်ချုပ်ရသည့်စနစ်တစ်ရပ်လုံး ဤစက်ရုံတစ်ခုတည်း၌ ပါဝင်နေကြောင်း၊ ခေတ်မီစက်ရုံကြီးဖြစ်သည်နှင့်အညီ ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးကိုက်အောင်၊ အကျိုးရှိထိရောက်အောင် အသုံးပြုသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် စွပ်ကျယ်စက်ရုံ(တောင်သာ)၏ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံ၏တည်နေရာ၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုးဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှုအဆင့်အတန်းမြင့်မားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာဆိုင်ရာမြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် စက်ရုံကိုတည်ဆောက်ခဲ့မှု၊ တစ်မျိုးသားလုံး၏ အဝတ်အထည် လိုအပ်ချက်နှင့် စက်မှု(၁)စက်ရုံများမှ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံအတွက် ကျပ်သန်းပေါင်း ၂၇၂၇ ဒသမ ၉၇၁ သန်းနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၂ သန်းအပါဝင် နိုင်ငံခြားငွေ သန်း ၂၂ ဒသမ ၅၅၂ သန်း စုစုပေါင်း ကျပ်သန်းပေါင်း ၂၇၅၀ ဒသမ ၅၂၃ သန်း ရင်းနှီးမြှုပ်နှံထားမှု၊ အဓိက ကုန်ထုတ်စက်ပစ္စည်းကိရိယာ ၂၄၇ လုံး တပ်ဆင်ထားရှိမှု၊ စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များ တစ်လလျှင် အထည်တစ်သိန်းခြောက်သောင်းကျော်နှင့် တစ်နှစ်လျှင် အထည်နှစ်သန်း ထုတ်လုပ်ပေးနိုင်မှုစွမ်းအား၊ စက်ရုံအတွက် အဓိက ကုန်ကြမ်းလိုအပ်ချက်၊ နှစ်စဉ်သွင်းအားစု လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က တောင်သာမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဝိတ်က မြို့နယ်၏ပညာရေးဆိုင်ရာ လိုအပ်ချက်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသန့်ဆွေက တောင်သာမြို့အတွက် ရေပေးဝေမှုနှင့် ရရှိမှုအခြေအနေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမင်းခိုင်က ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လက်ဆောင်ပေး

ယင်းနောက် ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shanghai World Best Group Co., Ltd အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Hao က စက်ရုံဖွင့်ပွဲအထိမ်းအမှတ် ဂါရဝပြု လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်က အမှုဆောင်အရာရှိချုပ် Mr. Cheng Zheng Hao အား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ထို့နောက် စက်ရုံဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စွပ်ကျယ်စက်ရုံ(တောင်သာ)မှ ပြန်လည် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

အသက်ရှည်စွာ အနာမဲ့ရေး (၁၂)

ဒေါက်တာလှွင်ကို

"ဦးလေးချောတို့၊ ဦးလေးစံမောင်တို့ မရောက်တာကြာပြီနော်။ မိသားစု အားလုံး နေကောင်းလို့မရောက်ကြတာပဲလို့ မှတ်ယူပြီး ဝမ်းသာမိ ပါတယ်။"

"ဟုတ်ကဲ့ဆရာ၊ နေကောင်းကြပါတယ်။ ဆရာ ရန်ကုန်ဆင်းစဉ်က တစ်ခေါက်တော့ ရောက်ပါသေးတယ်။ ဆရာ့ ခရီးစဉ်က ဗဟုသုတ လေးများ ကြားရမလားလို့ အခုလာကြတာပါ။"

ဦးလေးတို့ရေ၊ ကျွန်တော့်ငယ်ဆရာကြီးတစ်ဦးက ဩဝါဒပေးလိုက်တာလေး သုံးချက် ကြားနာမှတ်သားခဲ့ရတယ်ခင်ဗျ။ ကျွန်တော့်သူငယ်ချင်း ဒေါက်တာအောင်ဝင်းနဲ့ ဆရာကြီးအိမ်ကို ည ၁၀နာရီလောက် သွားကန်တော့ပါတယ်။ ဆရာရယ် ညအိပ်ရာဝင်ချိန်မှ လာရတာ တောင်းပန်ပါတယ်လို့ ဆိုတဲ့အခိုက်မှာ ဆရာက ကျွန်တော်တို့ကို အထပ်ထပ်ဆူတယ်။ ပြီးတော့မှ ဆရာက "အေး- မင်း ကလေးဆိုတဲ့ အကောင်တွေက အသက်တွေကြီး၊ ရာထူးတွေရှိလာပြီဆိုတော့ ဆူမဲ့လူ မရှိသလောက် ဖြစ်သွားတယ်။ ဒါ့ကြောင့် အပြစ်မလုပ်မိက ကြိုတင်ပြီး ဆရာက ဆူထားရတာ။ မင်းတို့အနေနဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်သည်ထက် ကျေပွန်အောင် ထမ်းဆောင်ကြပါ။ နေ့စဉ် အာလာပ သလ္လာပစကား ပြောချိန်ကိုလဲ လျှော့ကြပါ"ဟု ဆုံးမပါသည်။

ထို့နောက် ဆရာက "I always put on my old shoes when I want to be easy" "ကျွန်ုပ်သက်သာချင်လျှင် ဖိနပ်အဟောင်းပဲ စီးတယ်ဆိုတာတော့ သာမန်ပေါ့ကွာ"၊ "ကျွန်ုပ် လုပ်ငန်းတွေ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် အောင်မြင်ချင်ရင် မိတ်ဟောင်းဆွေဟောင်း တပည့်ဟောင်းတွေကိုပဲ ပြန်သုံးတယ်။ အတွင်းသိ အစဉ်းသိ ဆဲမနာ ဆိုမနာ မို့ပေါ့ကွာ"။ "တစ်ခါတလေ မင်းတို့ အကြောင်းမရှိလဲ နေကောင်းလား ဖုန်းဆက်မေးပါ"၊"ငါ အသက်(၈၀)ထဲရောက်ပြီ၊ မင်းတို့တပည့်ဟောင်းတွေ အသံကြားရတာ၊ ပြောဆိုနေရတာ၊ **နိုင်ငံတော်အတွက် အားတက်သရော လုပ်ဆောင်နေကြတာကြားရင် ငါ့အတွက် အသက်ရှည်ဆေးပါပဲ။** မင်းတို့တစ်တွေ တစ်ခါတလေ အားငယ်စိတ်ဝင်ရင်လဲ ဆိုဆုံးမစကား ပြောနိုင်အောင်လို့ပါတဲ့။"

ပြီးတော့လဲဆရာက "မင်းရေးနေတဲ့ ဆောင်းပါးတွေထဲက မြန်မာ့တိုင်းရင်းဆေးပညာဆိုတာ အတွေးအခေါ်ပိုင်း ပိုအရေးကြီးတယ်ဆိုတာကိုလဲ ပေါ်အောင်ရေးပါ။ ဘေသဇ္ဇနယဘက်က သုတေသန လုပ်တာကိုလဲ စဉ်ဆက်မပြတ်လုပ်ပါလို့" ထပ်မှာသေးတယ်။

"ဆရာက ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားဘဝတုန်းကတည်းက မူလတန်း၊ အလယ်တန်း စာပြလာခဲ့တာ။ နောက် ကောလိပ်၊တက္ကသိုလ် အသီးသီးတွေမှာလဲ ဆရာလုပ်ပြီး အငြိမ်းစားယူပြီးနောက်မှာလဲ ဆောင်းပါးတွေ အများကြီးရေးနေတာဆိုတော့ သူ့အတွေ့အကြုံတွေပေါ်မှာ ဆင်ခြင်ပြီး ကျွန်တော်တို့ကို အတွေးအခေါ်ပိုင်း လမ်းညွှန်ပေးတဲ့ စေတနာ အမှာစကားတွေပါ"။

"မှန်တာပေါ့ခင်ဗျာ၊ ဆရာ့မှာ ဒီဆရာမျိုးတွေ ရှိနေတာကိုက ကံကောင်းခြင်း မင်္ဂလာတစ်ပါးပါပဲ။"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဆရာကံ ကောင်းပါတယ်။ ကျွန်တော့် ဆရာကြီးတွေအတွက်လဲ တပည့်ကံကောင်းအောင် ကျွန်တော် ဆင်ဆင်ခြင်ခြင်နဲ့ ဒုစရိုက်၁၀ပါးကို အမြဲရှောင်ဖို့ ကြိုးစားနေပါတယ်"

"ဒုစရိုက်၁၀ပါးဆိုတာကို အသေးစိတ်ရှင်းပြပါဦး---။"

"ဩော်- ဦးဘချောကလဲ **ကာယကံဒုစရိုက်သုံးပါး၊ ဝစီကံ ဒုစရိုက်လေးပါး၊ မနောကံ ဒုစရိုက်သုံးပါး**တို့ပဲလေဗျာ။"

"ဟုတ်ပါပြီ ဦးစံမောင်ရယ်၊ အားလုံးကြားနာရအောင် တရားထောက်တာပါ။ **တကယ်စဉ်းစားကြည့်ရင် ကာယကံဒုစရိုက်တွေက ရှောင်ရလွယ်ပေမယ့် ဝစီကံနဲ့ မနောကံဒုစရိုက်များကတော့ အမြဲ သတိရှိနေမှ ထိန်းနိုင်မှာပါ"။**

"ဟုတ်ပါတယ်၊ ဒါထက် ဆရာနဲ့တွေ့မှ စဉ်းစားပြီး ရောဂါရှာကြံပြောပါရစေ။ ကျွန်တော် တစ်ခါတလေ နှလုံးတုန်တတ်ပါတယ်။ ဘယ်ဘက်စောင်းအိပ်ရင် ပိုသိသာပါတယ်။ ချောင်းခြောက်လဲ ဆိုးတတ်ပါတယ်" ကျွန်တော်က ဦးစံမောင်၏ သွေးကိုချိန်၍ နှလုံး ခုန်နှုန်းကို နားထောင်ကြည့်ပါသည်။

"ဦးလေးစံမောင်မှာ သွေးတိုးရောဂါတော့မရှိပါဘူး။ နှလုံးအခြေအနေကလဲ သာမန်စမ်းကြည့်လို့ ရလောက်တဲ့အထိ ရောဂါလက္ခဏာ မတွေ့ရပါဘူး။ ဒါပေမယ့် ဦးလေးကို အကြံပေးချင်တာက အချိုအရသာရှိတဲ့စားစရာကို များများစားပေးပါ။ ထန်းလျက်၊ ကြံသကာ၊ ပျားရည်၊ သကြားစသည်တို့နဲ့ ကျောက်ဖရုံ၊ ဖရဲသီး၊ ကန်စွန်းဥ၊ စိမ်းစားဥ၊ သရက်သီး၊ ဘူးသီးနဲ့ အသားငါးတွေမှာလဲ အချိုဓာတ်တွေ ပါပါတယ်။ အချိုဓာတ်က အဘိဓမ္မာတောင်သာနည်းအရ အပူကိုငြိမ်းစေပါတယ်၊ သဘာဝဓမ္မနည်းအရ အခိုးကို ပိတ်စေပါတယ်။ အာယုဗ္ဗေဒနည်းအရ သလိပ်ကို ပွားစေပါတယ်။ အခု ဦးလေးက ပိန်ပြီး အရွယ်နဲ့မလိုက်အောင် ပေါ့ပါးသွက်လက်ပါတယ်၊ ဦးလေး နှလုံးတုန် ရင်ခုန်တယ်ဆိုတာက အချိုဓာတ်က စေးကပ်တယ်လေ။ ကိုင်ကြည့်ရင် ချွဲတယ်။ ဒီတော့ နှလုံးငြိမ်သွားမယ်။ လှုပ်ရှားမှုနည်းမယ်။ စကားနည်းလာမယ်။ အားမကုန် တော့ဘူးပေါ့။ ဒီလိုအားမကုန်ရင် စားလိုက်တဲ့ ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်တွေကို ခန္ဓာကိုယ်ထဲမှာ သိမ်းဆည်းထားနိုင်ရင် ဝဖြိုး စိုပြည်လာပါလိမ့်မယ်။ ဥပမာပေးရင် မီးယပ်ပိန်၊ မီးယပ်ခြောက်ဆိုတာ အပူများလွန်းလို့၊ အပူအစပ်၊ အခါး စားလွန်းလို့ သွေးကျဲပြီး သွေးလာရက်များတော့ အားယုတ်သွားတာပေါ့။ အဲဒီမိန်းကလေးတွေဟာ ဖရဲသီးနဲ့ သကြား ခေါက်စားတာတို့၊ ဘူးသီး၊ ဖရုံသီးဟင်းချို ချက်စားတာတို့ များများလုပ်သင့်ပါတယ်။ အချိုဓာတ်ဟာ အပူဓာတ်ကိုနှိမ်ပြီး သွေးကို ချွဲပျစ်စေးထန်းစေတာကြောင့် သွေးတိတ်လွယ်ပြီး ဓမ္မတာရက်နည်းသွားမှာပါ။ ကိုယ်ဝန်ရှိနေတာမဟုတ်ဘဲ သွေးထိန်နေတဲ့သူ၊ ဝလွန်းတဲ့သူတွေကတော့ သကြားရှောင်ရမှာပေါ့။ ဓားရှလို့ သွေးထွက်လွန်တဲ့အခါ သကြားနဲ့သိပ်ရင် ပျောက်ကင်းတာတို့၊ နှာခေါင်းသွေးလျှံရင် သကြားရည် ရှူရတာတို့ဟာလဲ ဒီအာနိသင်ကြောင့်ပါပဲ။"

"ဆီးပူတာ၊ နည်းတာ၊ ဝါတာတွေကိုလဲ သကြား၊ ကြံရည်၊ ထန်းလျက်၊ ထန်းရည်ချို၊ ပေရည်နဲ့ ဒန့်သလွန်သီး၊ ဘူး၊ ဖရဲ၊ သခွားနဲ့ အချိုဓာတ်ပါတဲ့ အသီးအရွက်တွေကို လူကြီးများ ညွှန်းတာလဲ ဒီသဘော ပဲလား ဆရာ။"

"ဆီးအိမ်မှာ ဘက်တီးရီးယားပိုးရောက်တာ မဟုတ်ဘဲ အပူဓာတ် အားကြီးလို့ ဖြစ်တာဆိုရင်တော့ ပျောက်မှာသေချာပါတယ်။"

"အချိုထဲမှာကော ဘယ်အချိုမျိုးက အကောင်းဆုံးလဲဆရာ၊ ဆွေးနွေး ပေးပါဦး။"

"လွယ်မလိုနဲ့ ခက်တဲ့မေးခွန်းပါလား ဦးလေးချောရယ်။ ကျွန်တော့် အထင်တော့ ပျားရည်ချိုက အကောင်းဆုံးလို့ ဖြေပါ့မယ်။ ကြံစိုက်ကွင်းနားက ပျားရည်က ဆီးကို ပိုကောင်းစေတယ်။ ကြာတွေပွင့်တဲ့ကန်နားက ပျားရည်ကတော့ နှလုံးသားကို အကျိုးပြုတယ်။ အနန်းပင်ကရတဲ့ ပျားရည်ကတော့ အသက်ကို ရှည်စေတယ်။ ဆံမဖြူ၊ သွားမကျိုး၊ ပါးရေ မတွန့်ဘူးပေါ့။ ရုရှားနိုင်ငံက ဘိုးသက်ရှည်၊ ဘွားသက်ရှည်တို့ဆိုရင် နှစ်ချို့ပျားရည်ကို အမြဲသုံးစွဲကြတယ်လို့ ကြားဖူးပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပျားရည်ကို ဆေးဆရာ၊ ဓာတ်ဆရာ၊ အင်္ဂလိပ် ဆရာများပါမကျန် သုံးစွဲနေကြတာလဲ ဦးလေးတို့ အသိပါ။ ပျားရည်ဆိုတာ ပန်းပေါင်းရည် မဟုတ်လား။

ကျွန်တော်တို့ နိုင်ငံမှာတင်မကပါဘူး။ ကမ္ဘာ့အရပ်ရပ်၊ တရုတ်၊ အိန္ဒိယ၊ ရောမ၊ အီဂျစ်၊ ဂရိ စတဲ့ ရာဇဝင်မှတ်တမ်းတွေအရဆိုရင် ပျားရည်ကို အစာလမ်းကြောင်းရောဂါများနဲ့ ဝမ်းလျှောရောဂါတွေအတွက် သုံးစွဲဖို့ ထောက်ခံထားတာ တွေ့ရပါတယ်။ ဒါ့အပြင် အနာမျိုးစုံနဲ့ မျက်စိနာအပြင် ချောင်းဆိုး လည်ချောင်းနာတွေအတွက်ပါ သုံးစွဲဖို့ ညွှန်းထားခဲ့ပါတယ်။

အခုခေတ်မှာတော့ ပျားရည်မှာ သကြားဓာတ် နည်းနည်းပဲပါတာကြောင့် ဆီးချိုဝေဒနာရှင်တွေစားရင်တောင် သွေးချို သိပ်မတက်တာကို တွေ့ရတယ်။ ဒါကြောင့် ပျားရည်သောက်ရင် သွေးထဲမှာ သကြားဓာတ် နည်းနည်းပဲတက်တော့ မလိုလားအပ်တဲ့ ဇီဝဖြစ်စဉ်တွေ ဖြစ်မလာတော့ ဘူးပေါ့။

ပိုပြီး စိတ်ဝင်စားစရာကောင်းတာကတော့ ခန္ဓာကိုယ်မှာရှိတဲ့ သွေးဖြူဥ အမျိုးအစားထဲက B- လင်ဖိုဆိုက်နဲ့ T-လင်ဖိုဆိုက်တွေ ပိုမိုထွက်ရှိအောင် လှုံ့ဆော်ပေးတဲ့အပြင် မိုနိုဆိုက်ဆိုတဲ့ ဆဲလ်ထဲက ဆိုက်တိုကိုင်း (Cytokines)နဲ့ အယ်လ်ဖာအင်တာလူကင် (Alpha-interleukin) အမှတ်(၁)နဲ့(၆)တွေပါ ထုတ်ပေးတဲ့အတွက်ကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို လှုံ့ဆော်ပေးနိုင်တယ်ဆိုတာပါပဲ။

နောက်တစ်ခုက ကျွန်တော်တို့ သိပြီးသားခေတ်စားနေတဲ့ ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိကြောင်းလဲ သုတေသနပြုထားတော့ ပျားရည်ကို အဖိုးတန်ဆေးတစ်လက်အဖြစ် ဉာဏ်ရှိသလို သုံးစွဲကြဖို့ပါပဲ။"

"ဆရာခင်ဗျား၊ ကျွန်တော်တို့ငယ်စဉ်က အနာကို ပျားရည်လိမ်းပေးရင် အသားနုအတက်မြန်တယ်ဆိုပြီး ကြားဖူးသုံးဖူးပါတယ်။ ဘာလို့လဲတော့ မသိဘူးပေါ့။"

"ဟုတ်ကဲ့ခင်ဗျ၊ အခုသိကြရပါပြီ။ ဝေးလ်စ်တက္ကသိုလ်နဲ့ နယူးဇီလန်က ဝေကတိုတက္ကသိုလ်တို့က သုတေသီတွေ ဖော်ထုတ်ချက်အရ ပျားရည်စစ်စစ်ဟာ တချို့သော ပဋိဇီဝပိုးသတ်ဆေးတွေ မနိုင်တဲ့ပိုးကိုတောင် သတ်နိုင်တဲ့အပြင် အသားနု အတက်မြန်ကြောင်း တွေ့ရှိခဲ့ရပါပြီ။ ဒါ့အပြင် ပိုးမျိုး၆၀ကိုတောင် ပေါက်ပွားမှုဟန့်တားစေနိုင်တယ်လို့ စမ်းသပ်တွေ့ရှိပြီးပါပြီ။

မြန်မာ့နည်းနဲ့ လက်တွေ့ဖြစ်စဉ်များကိုကြည့်ရင် **နှလုံးတုန် ရင်ခုန်၊ မောပန်း၊ အိပ်မပျော်တဲ့အခါမှာ ပျားရည်ကို ရေနွေးလေးနဲ့သောက်ရင် ချက်ချင်းသက်သာတာ တွေ့ရပါတယ်၊ ဝမ်းထဲမှာ လေထိုးလေအောင့် ဖြစ်နေရင် ပျားရည်နှစ်ဇွန်းလောက် သောက်ကြည့်လိုက်ပါ။ လေထိုး လေတက် ပျောက်သွားပါလိမ့်မယ်။ အခြားရောဂါတစ်ခုကြောင့်မဟုတ်ဘဲ ပိန်ချုံးချည့်နဲ့နေရင် ပျားရည်စစ်စစ် နံနက်တစ်ဇွန်း၊ ညတစ်ဇွန်းသောက်ပြီး ရေငတ်တိုင်း ရေအဝသောက်ရင် တစ်လ၊ နှစ်လအတွင်း စိုစိုပြည်ပြည် ဖြစ်လာပါလိမ့်မယ်။ ဆီး၊ ဝမ်း၊ လေလဲ မှန်လာပါလိမ့်မယ်။ အချိုဓာတ်ရဲ့ အာနိသင်ဖြစ်တဲ့ အပူကိုနိုင်ခြင်း၊ ငြိမ်းစေခြင်း၊ လေကိုနိုင်ခြင်း၊ ငြိမ်းစေခြင်း၊ စေးထန်းပျစ်ချွဲတဲ့ အာနိသင်ကြောင့်နဲ့ အင်အားကို ဖြစ်စေတဲ့ သဘောဟာ မြန်မာ့ဆေးပညာရဲ့ အတွေးအမြင်တစ်ရပ်ပါပဲ"**

"ဟုတ်ပါတယ်ဆရာ။ အခုလို ဆွေးနွေးပေးတာ ကျေးဇူးတင်ပါတယ်။ ။"

နှလုံးတုန် ရင်ခုန်၊ မောပန်း၊ အိပ်မပျော်တဲ့အခါမှာ ပျားရည်ကို ရေနွေးလေးနဲ့ သောက်ရင် ချက်ချင်းသက်သာတာ တွေ့ရပါတယ်၊ ဝမ်းထဲမှာ လေထိုးလေအောင့် ဖြစ်နေရင် ပျားရည်နှစ်ဇွန်းလောက် သောက်ကြည့်လိုက်ပါ။ လေထိုး လေတက် ပျောက်သွားပါလိမ့်မယ်။ အခြားရောဂါတစ်ခုကြောင့်မဟုတ်ဘဲ ပိန်ချုံးချည့်နဲ့နေရင် ပျားရည်စစ်စစ် နံနက်တစ်ဇွန်း၊ ညတစ်ဇွန်းသောက်ပြီး ရေငတ်တိုင်း ရေအဝသောက်ရင် တစ်လ၊ နှစ်လအတွင်း စိုစိုပြည်ပြည် ဖြစ်လာပါလိမ့်မယ်။ ဆီး၊ ဝမ်း၊ လေလဲ မှန်လာပါလိမ့်မယ်။ အချိုဓာတ်ရဲ့ အာနိသင်ဖြစ်တဲ့ အပူကိုနိုင်ခြင်း၊ ငြိမ်းစေခြင်း၊ လေကိုနိုင်ခြင်း၊ ငြိမ်းစေခြင်း၊ စေးထန်းပျစ်ချွဲတဲ့ အာနိသင်ကြောင့်နဲ့ အင်အားကို ဖြစ်စေတဲ့ သဘောဟာ မြန်မာ့ဆေးပညာရဲ့ အတွေးအမြင်တစ်ရပ်ပါပဲ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သစ်တောဥယျာဉ်ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်၏ သစ်တောဥယျာဉ် (Central Forest Zone) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သစ်တောဥယျာဉ်အဝင်ဆိုင်းဘုတ်အနီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ သစ်တောဥယျာဉ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အဆိုပါ သစ်တောဥယျာဉ် ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်ဝင်းက ကန်တော်ကြီး သဘာဝဥယျာဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သော သစ်တော ဥယျာဉ်တည်ဆောက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ရန်ကုန်အနောက် ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်တို့က သစ်တောဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သစ်တောဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပက်ဖျန်းပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဧည့်သည်များသည် သစ်တောဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

စိုက်ပျိုးထား

သစ်တောဥယျာဉ်၌ မြိုင်မာလာကျွန်း၊ သစ်ခွကျွန်းနှင့် ဗိုလ်ချုပ်ပန်းခြံတို့ပါဝင်ပြီး ယခုအခါ ရှားပါးသစ်မျိုးများ ဖြည့်တင်းကာ သစ်မျိုးပေါင်း ၁၃၂မျိုး၊ သစ်ပင်ပေါင်း၃၂၃၈ပင်နှင့် ဝါးမျိုး ကိုးမျိုးကို စိုက်ပျိုးထားရှိသည်။

အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာနှင့် ကျန်းမာရေးအတွက် နားနေလှေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ကန်ရေပြင်ရှုခင်းအလှကို ကြည့်ရှုနိုင်သော သစ်သားရင်ပြင်နှင့် ရေပန်းခြောက်ခု၊ ပုပ္ပားဒေသမှ မီးသင့်ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့် ကျောက်တောင်ရေတံခွန်၊ ပန်းလှေ၊ပန်းမြွေ၊ပန်းနာနတ်သီး ပုံစံများ ပြုလုပ်ထားမှု၊ သစ်တော ကြိုးဝိုင်းများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ သစ်တောထွက် ပစ္စည်းများ၊ သစ်သားနမူနာများ၊ သစ်စေ့နမူနာများ၊ သစ်လုံးခွဲသားများတွင် ရိုက်နှိပ်သည့် တံဆိပ်တုံးများ၊ ဆေးဖက်ဝင် သစ်တောထွက်ပစ္စည်းများ၊ ရုပ်လုံးသွင်း သားရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ရန် ပညာပေးပြခန်းငယ်တစ်ခု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ထားသည့် ROCK Garden နှင့် ပုပ္ပားတောင်ကလပ် ပုံစံတူမျှော်စင်၊ သစ်လုံးထွင်းဆင်ရုပ်နှင့် သစ်လုံးဆွဲဆင်ရုပ်များ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသဖြင့် သစ်တောကဏ္ဍဗဟုသုတများစွာ လေ့လာဆည်းပူးရင်း အပန်းဖြေနိုင်သည့် ဥယျာဉ်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ကြီးစက်မှုအထက မြှတ်ဆရာပူဇော်ကန်တော့ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

တောင်ကြီးမြို့ စက်မှုအထကမှ အငြိမ်းစား ယူသွားကြသည့် ဆရာ၊ ဆရာမကြီးများအား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ဧပြီ ၁ရက်တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်တွင်ကျင်းပမည်ဖြစ်သည်။ အငြိမ်းစား ဆရာ၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန်(တောင်ကြီး) ဖုန်း-၀၈၁-၂၂၉၉၀၊ဆရာဦးသောင်းထွန်း(ရန်ကုန်) ဖုန်း-၀၁-၇၂၂၅၇၁၊ ဆရာဦးစိန်မောင် (ရန်ကုန်) ဖုန်း-၀၁-၇၀၀၁၉၈တို့သို့ ဆက်သွယ်နိုင်ပြီး အလှူငွေများကို ဦးစိုးညွန့် (တောင်ကြီး) ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးလှသိန်း (ရန်ကုန်) ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင်(ရန်ကုန်) ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇၊ ဒေါ်စန်းစန်းမြင့် (ရန်ကုန်)ဖုန်း-၀၁-၆၄၂၅၄၂၊ ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း-၀၆၂-၂၂၆၆၇၊ ၀၆၂-၂၁၉၃၉၊ ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၂-၃၁၄၅၄၊ ဦးစိုင်းထွန်းလှ (မန္တလေး) ဖုန်း-၀၂-၃၉၁၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

မြောင်းမြအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ Ph.D ဘွဲ့ရကျောင်းသားများ၊ စာစီစာကုံးထူးချွန်ဆုရ ကျောင်းသားများ၊ သုံးဘာသာနှင့်အထက် ဂုဏ်ထူးဆုရ ကျောင်းသား/ကျောင်းသူများ၊ Top Ten တန်းဝင်ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်းများကို တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ သက်ကြီးပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆုရ ဂုဏ်ပြုခံ ကျောင်းသားကျောင်းသူများသည် ဖေဖော်ဝါရီ၅ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီအရောက် ရွှေတိဂုံဘုရားအရှေ့ဘက်ဗဟန်းမြို့နယ်၊ကြားတောရလမ်းရှိ ရောဝတီတိုင်း ဓမ္မာရုံကြီးသို့ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့် ပစ္စည်းများ ပေးပို့လှူဒါန်းလိုကြသူများသည် ဦးကျော်ဝင်း (ဥက္ကဋ္ဌ)ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများဦးမျိုးကြည် ဖုန်း-၀၉-၅၁၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉၂၂၁၇၉၊ ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၉၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး (ငြိမ်း) ဖုန်း-၇၀၇၅၁၄၊ ဦးလှဖေ (အတွင်းရေးမှူး) ဖုန်း-၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄၊ ဦးစန်းရွှေ ဖုန်း-၂၈၂၆၉၃နှင့် ဘဏ္ဍာရေးမှူး ဦးခင်အောင်တင့် ဖုန်း-၇၀၁၆၆၄၊ ၂၉၁၁၅၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော် ကြည့်ရှုလေ့လာ အပန်းဖြေကြသူများဖြင့် အထူးစည်ကား

ရန်ကုန် ဇန်နဝါရီ ၂၈

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်၏ စတုတ္ထနေ့ဖြစ်သော ယနေ့သည် အများပြည်သူတို့၏ အလုပ်ပိတ်ရက် စနေနေ့ဖြစ်သည်နှင့်အညီ လာရောက်ကြည့်ရှုလေ့လာအပန်းဖြေကြသူ ပြည်သူတစ်သိန်း ငါးသောင်းကျော်တို့ဖြင့် အထူးစည်ကားများပြားလှသည်။ (အောက်ယာပုံ)

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြခန်း၌ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) သမိုင်းအကျဉ်းချုပ်၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ခေတ်အဆက်ဆက် ကြီးကြပ်ဆောင်ရွက်မှုများ၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အကြောင်းသိကောင်းစရာများ၊ တိုးတက်ဖြစ်ထွန်းလာသော တိရစ္ဆာန် ဥယျာဉ်(ရန်ကုန်)၊တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိထူးခြားသော ကျေးငှက်တိရစ္ဆာန်များကို ပြသထားသည်။

ကြည့်ရှုအားပေး

ထို့အပြင် ပွဲတော်လာပြည်သူများအတွက် ကုမ္ပဏီများ၏ လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန် ပစ္စည်းအရောင်းပြခန်းကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရေးအတွက် တိရစ္ဆာန်လိမ္မာပြပွဲနှင့် နာမည်ကျော် စတီရီယိုတေးသံရှင်များပါဝင်သည့် စင်တင် တေးဂီတများဖြင့်လည်းဧည့်ခံဖျော်ဖြေတင်ဆက်ပေးလျက်ရှိရာ ပြည်သူအများပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုအားပေးကြသည်။

အလားတူနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်လာပြည်သူများသည် မြွေ၊ကျား၊ဆင်၊ဝက်ဝံ၊ စွန်ခေါင်းဖြူ၊ လင်းယုန်၊ ငှက်ကုလားအုတ်စသည့် ရှားပါးတိရစ္ဆာန်များနှင့်အတူ အမှတ်တရဓာတ်ပုံများ ရိုက်ကြပြီး ရက္ခဗေဒဆိုင်ရာ အပင်အမျိုးပေါင်း ၂၀၀ ကျော်တို့ကိုလည်းကြည့်ရှုလေ့လာကြသည်။

တိုးမြှင့်ဖွင့်လှစ်

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို ယခုအခါ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း လာရောက်ကြည့်ရှု အပန်းဖြေကြသူ ပြည်သူများ အထူးများပြားလှသဖြင့် အများ ပြည်သူအလုပ်ပိတ်ရက်ဖြစ်သော ယနေ့နှင့် ဇန်နဝါရီ၂၉ရက် (တနင်္ဂနွေနေ့)တို့တွင် နေ့စဉ်ပုံမှန် နံနက် ၇နာရီမှ ညနေ၆နာရီခွဲအထိ ဖွင့်လှစ်ပြသထားခြင်းအစား နံနက်၇နာရီမှ ည၇နာရီခွဲအထိ အချိန်တစ်နာရီ တိုးမြှင့် ဖွင့်လှစ်ပြသပေးလျက်ရှိသည်။

အဆိုပါ ပွဲတော်ကို ဇန်နဝါရီ ၂၉ရက် အများပြည်သူအလုပ်ပိတ်ရက် တနင်္ဂနွေနေ့နှင့် ပွဲတော်နောက်ဆုံးနေ့ ဖြစ်သည်နှင့်အညီ ပြည်သူများအထူး စည်ကားသိုက်မြိုက်စွာ လာရောက် အပန်းဖြေကြမည်ဖြစ်ရာ စတီရီယို တေးသံရှင် မျိုးကျော့မြိုင်၊ ဆောင်း ဦးလှိုင်၊ စည်သူလွင်၊ BigBag၊ ဘိုဖြူ၊ သီရိဂျေမောင်မောင်၊ ရှင်ဖုန်းအပါအဝင် နာမည်ကျော်များဖြင့် အထူးဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပို လေးမျက်နှာ ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တနင်္သာရီတိုင်းမှ ဦးကျော်လှိုင်၊ ရန်ကုန်တိုင်းမှ ဦးကျော်မြအောင်၊အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဂီတစာဆိုပဟသ်ာတဦးမြင့်ငွေနှင့် မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့်တို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။ (မြန်မာ့အလင်း)



နိုင်ငံတော်ကချီးမြှင့်သည့် ဆုများအပြင် ပုဂ္ဂလိကစာပေဆုများ စာပေလောကသားများကို အားသစ်လောင်းနေ

စာပေပညာရှင်များဘက်က အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး ရေးသားထုတ်ဝေရန်လိုအပ်

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး စာပေလောကသားများ တစ်တပ်တစ်အား ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အကူအညီဖြင့် “တင်ရွှေစာပေတိုက်”က ချီးမြှင့်သော စတုတ္ထအကြိမ်မြောက် စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်“ဆရာဝန်တင်ရွှေစာပေဆု” ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်များ၊ စာပေဆုရွေးချယ်ရေး အဖွဲ့ဝင်များ၊ ဆုရစာပေပညာရှင်များ၊ ဂျာနယ်နှင့်မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများ၊ တင်ရွှေစာပေတိုက်မှ ဆရာမ ဒေါ်အေးသန့်နှင့် ဆရာဝန်တင်ရွှေ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူးပေါင်းတည်ဆောက်

အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုအခါ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်လျက်ရှိရာတွင် နိုင်ငံတော် အစိုးရ၏ ဆန္ဒတစ်ခုတည်းသာ မဟုတ်ဘဲ စာပေလောကသားများ အပါအဝင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ဆန္ဒရည်ရွယ်ချက်များဖြင့် ပါဝင် ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

အချက်သုံးချက်

ယင်းကဲ့သို့ တည်ဆောက်ရာတွင် အခြေခံအားဖြင့် အချက်သုံးချက် ပြည့်စုံရန်လိုအပ်ကြောင်း၊ ပထမ အချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုရှိရန် လိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ပါဝင်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအချက်မှာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်သည့်အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးရန် လိုအပ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းကြောင့် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်နေကြပြီဖြစ်ကြောင်း၊ တတိယ လိုအပ်ချက်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိက ကျသည့်အလျောက် အနာဂတ်နိုင်ငံ့တာဝန်ကိုယူကြမည့် လူငယ် ကျောင်းသားကျောင်းသူများအတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံကိန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လွယ်လွယ်ကူကူ

ထို့ကြောင့် ယနေ့အချိန်အခါတွင် မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် အဆင့်မြင့်ပညာအဆင့်များတွင် ကျောင်းသား ကျောင်းသူ လူငယ်များသည်မိမိတို့နေထိုင်ရာဒေသများ၌ပင် လွယ်လွယ်ကူကူ သက်သက်သာသာဖြင့် ပညာသင်ယူနေနိုင်ကြပြီ ဖြစ်သည်ကို တွေ့ရှိကြမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်က ကျောင်းသားကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေသကဲ့သို့ လုပ်ငန်းခွင် ဝင်ရောက် တာဝန်ထမ်းဆောင်နေကြသည့် လူငယ်၊ လူလတ်၊ လူကြီးများ ပါမကျန် အတွေးအခေါ်၊ အသိဉာဏ် ပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပြည်သူလူထုနှင့်စာပေလောကသားများကအဓိက ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ပညာဗဟုသုတ

နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်၍ ကျေးလက်နေပြည်သူလူထု၏ လူ့စွမ်းအား အရင်းအမြစ် ပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ ကျေးလက်နေ ပြည်သူလူထု၏ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာဖတ်သည့်အလေ့အထတိုးပွားစေပြီး စာပေဖတ်ရှုမှု လက်လှမ်းမီစေရန် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူလူထု၏အားနှင့် စေတနာရှင် ပြည်သူလူထု၏အားတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ၌ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပေးနေသည်ကို စာပေပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း။

ကျေးရွာစာကြည့်တိုက်

တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်း ကျော်ရှိသည့်အနက် ကျေးရွာစာကြည့် တိုက်ပေါင်း ၄၈၈၈၀ ကျော်ဖွင့်လှစ်နိုင် ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကျန်ရှိသည့် ကျေးရွာများ၌ ကျေးရွာစာကြည့်တိုက်များ အပြီးအပိုင်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဖွင့်ပြီးပါက ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်း စာကြည့်တိုက်ရှိသည့် ပထမဦးဆုံး နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုမူ ဒေသခံပြည်သူလူထုက ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပိုမိုကျယ်ပြန့်လာ

ယင်းသို့ကျေးရွာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် စာပေလောကသားများ အတွက် ကောင်းမွန်သည့်လက္ခဏာပင်ဖြစ်ကြောင်း၊ စာပေဈေးကွက်လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး အတွက် ကောင်းရာကို လမ်းညွှန်နိုင်သည့် စာပေရှိသကဲ့သို့ အဆိပ်အတောက် ဖြစ်စေနိုင်သည့် စာပေလည်းရှိကြောင်း၊ **“အလိမ္မာစာမှာရှိ”**၊ **“စာအုပ်စာပေ လူ့မိတ်ဆွေ”** ဟူသော အဆိုများရှိသည့်အတိုင်း အရေးအတွက်သာမက အနှစ်သာရ အပိုင်းကိုပါ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာပေလောကဖွံ့ဖြိုးရန်မှာ ဈေးကွက်သည် အရေးကြီးကြောင်း၊ ဈေးကွက်ကျယ်ပြန့်အောင်ချဲ့ထွင်ရာတွင် ပြည်တွင်း၌သာမက ပြည်ပသို့ပါထိုးဖောက်နိုင်အောင်ကြိုးစားဆောင်ရွက်သင့်ကြောင်း၊ စာပေဖြင့် ပြည်သူလူထု၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးအောင်ဆောင်ရွက်ရန်မှာ စာပေလောကသားများ၏ တာဝန်ဖြစ်ကြောင်း၊ “ဆရာဝန်တင်ရွှေ စာပေဆု” ချီးမြှင့်သကဲ့သို့ စာပေကုသိုလ်ရှင်များပေါ်ထွန်းရန်လည်းလိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်း၊ ယနေ့စာဖတ်သူ ဦးရေနှင့် ထုတ်ဝေသော စာအုပ်စာတမ်းအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက ထုတ်ဝေသည့် စာအုပ်စာတမ်းမှာနည်းနေသေးသည်ကိုတွေ့ရကြောင်း။

သုတေသနပြု

ယင်းအချက်အခဲများကို စာပေပညာရှင်များနှင့် စာပေလောကသားများက ဝိုင်းဝန်းအဖြေရှာ သုတေသနပြုကြပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စာအုပ် စာတမ်းများ များများ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် မိမိတို့ ပြန်ကြားရေးဝန်ကြီး ဌာနအောက်ရှိ စာပေစိစစ်ရေးအနေဖြင့်လည်း ထုတ်ဝေခွင့်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေစိစစ်ရေးအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးတို့ကို ထိခိုက်စေမည့် ရေးသားမှုမျိုးမှအပ လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုလျက်ရှိကြောင်း၊ မလိုသူများနှင့် ပြည်ပမီဒီယာ အချို့ကလွတ်လပ် စွာရေးသားထုတ်ဝေခွင့်မရှိ၊စာပေလွတ်လပ်ခွင့်မရှိ ပညာပေးခြင်း၊ ဗဟုသုတပေးခြင်းများလွန်းသည်ဟု ဝေဖန်ထိုးနှက်စွပ်စွဲသည်ကိုလည်း ကြားသိရကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာပေးခြင်း၊ ဗဟုသုတပေးခြင်း၊ လူငယ်များ အကျင့်စာရိတ္တ မြင့်မားရေး စသည့်အချက်များကို ရေးသားဖော်ပြရမည်သာ ဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွား

ကမ္ဘာပေါ်ရှိမည်သည့် နိုင်ငံတွင် မဆိုမိမိနိုင်ငံ၏ အမျိုးသား အကျိုးစီးပွား ကိုမထိခိုက်သောလွတ်လပ်စွာ ရေးသား ထုတ်ဝေခွင့်ကိုသာ ပေးကြပါကြောင်း၊ မိမိတို့စာပေစိစစ်ရေးကလည်း ထို့အတူပင် အမျိုးသားအကျိုးစီးပွားကို မထိခိုက်သည့်စာပေများကို လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုလျက်ရှိကြောင်း၊ နိုင်ငံတော် အနေဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုစသည်များ နှစ်စဉ်ချီးမြှင့်ပေးနေသကဲ့သို့ ပုဂ္ဂလိက အလှူရှင်များဖြစ်သည့် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ သုတစွယ်စုံ စာပေဆု၊ ယခုပြုလုပ်သည့် ဆရာဝန်တင်ရွှေစာပေဆုတို့သည် စာပေလောကသားများကို အားသစ်လောင်းပေးနေခြင်းဖြစ်ကြောင်း၊ စာပေပညာရှင်များကလည်း အမျိုးသား အကျိုးစီးပွားကို ရှေးရှုပြီးရေးသားကြပါရန်၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေလောကသားများကတစ်တပ်တစ်အားဝိုင်းဝန်းဆောင်ရွက်ကြပါရန်နှင့် ယခုဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားနိုင်ပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၄ခုနှစ်အတွက် ဆရာဝန်တင်ရွှေ စာပေဆု ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ခုနှစ်အတွက် “ဆရာဝန်တင်ရွှေစာပေဆု”ရ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်ထုတ်ဝေခဲ့သော“မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင် A Myanmar Looks at Others” စာအုပ်ရေးသားသူ စာရေးဆရာကြီး ဦးသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး)အားလည်းကောင်း၊“ဦးနှောက်မုန်တိုင်းဆင်ခြင်း” စာအုပ်ရေးသားသူ စာရေးဆရာ ကျော်ဝင်းအားလည်းကောင်း၊အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော“A Myanmar Tapestry”အမည်ရှိ မြန်မာ့ယဉ်ကျေးမှု ရှုခင်းစာအုပ် ရေးသားသူ ဆရာမကြီး ဒေါ်ကြည်ကြည်လှအားလည်းကောင်း ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)ကဆုရွေးချယ်မှု အကျဉ်းကိုရှင်းလင်းတင်ပြသည်။

ထို့နောက်“ဆရာဝန်တင်ရွှေစာပေဆု” ရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆက်လက်၍တင်ရွှေစာပေတိုက်မှ ဒေါ်အေးသန့်(စာရေးဆရာကြီး ဆရာဝန်တင်ရွှေ၏ဇနီး)က ဆရာဝန်တင်ရွှေစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များအား ဂါရဝပြုလက်ဆောင်ကို ပေးအပ်ရာ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များကိုယ်စား ဆရာကြီးဦးသော်ကောင်းက လက်ခံသည်။

ထို့နောက်“တင်ရွှေစာပေတိုက်”မှ ဆရာမဒေါ်အေးသန့်(စာရေးဆရာကြီး ဆရာဝန်တင်ရွှေ၏ဇနီး) က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဆရာဝန်တင်ရွှေစာပေဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ စာပေဆုရရှိကြသူများ၊ ဆရာမ ဒေါ်အေးသန့်နှင့် ဆရာဝန်တင်ရွှေ၏ မိသားစုတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၄ ခုနှစ်အတွက် ဆရာဝန်တင်ရွှေ စာပေဆုရ ဆရာမကြီး ဒေါ်ကြည်ကြည်လှအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

စားသောက်ကုန် ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေး ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ စားသောက်ကုန် ထုတ်လုပ်သူများအဖွဲ့ (Food Processing Industry Group) ဖွဲ့စည်းရေးအတွက် ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ရက်က ပြည်ထောင်စုမြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းနာယကဒေါက်တာကျော်ထင်၊ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကားပြော ကြားကြပြီး အသင်းဗဟိုအလုပ်အမှုဆောင် ဦးဝေဖြိုးက အဖွဲ့၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၉-၁-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၂-၂-၂၀၀၆)ရက်နေ့နှင့်

(၂၆-၂-၂၀၀၆)ရက်နေ့

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ(၂၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၇၇၇၀)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က **'နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်'** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့ဝင် ပါမောက္ခဒေါက်တာမတင်ဝင်းက **'ရတနာဆိုတာ သွေးတတ်မှ အရောင်တက်တယ်'** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဟောပြောပေးကြသော ဒုတိယဝန်ကြီးနှင့် ပါမောက္ခ ဒေါက်တာမတင်ဝင်းတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ မတင်ဝင်းအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၈

မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် ကုလားကြီးကုန်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးသာဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဦးအောင်ကိုဦးတို့က ဇန်နဝါရီ ၁၅ရက်တွင် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ဖခင်ကြီးဦးခင်စိုး(၈)နှစ်ပြည့်အား ရည်စူး၍ အမှတ် ၁၂၅၉ ဗိုလ်မင်းရောင်လမ်း (၄၁)ရပ်ကွက် မြောက်ဒဂုံမြို့နယ်နေ ဒေါ်ခင်သန်းနွယ်၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ လူမှုရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် လူမှုရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်တည်ဆောက်ရေး အရှိန်အဟုန်ကို ပိုမိုမြင့်မားတိုးတက်စေမည့် အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသော အသင်းအဖွဲ့ များ တိုးတက်ဖြစ်ထွန်းလာ

တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အရှိန်အဟုန် ပိုမိုမြင့်မား တိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စေတနာရှေ့ထား သယ်ပိုးလိုသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း ပါဝင်ပူးပေါင်းဖော်ဆောင်နိုင်မှုများကြောင့် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ အထင်အရှားပေါ်ထွက်လျက်ရှိသည်။

ပါဝင်ထမ်းဆောင်

နိုင်ငံတော်ကို တည်ဆောက်ရာတွင် အတိတ်သမိုင်းသင်ခန်းစာများကို ဆင်ခြင်သုံးသပ်ပြီး လက်ငင်းဖြစ်တည်မှု အခြေအနေများအပေါ်တွင် အခြေခံကာ အနာဂတ်ကာလအထိ မျှော်မှန်းဖော်ဆောင်ရာ၌ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားများသည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ အမျိုးသားရေးစွမ်းအားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့စသည့် အသင်းအဖွဲ့များသည် နိုးကြားတက်ကြွစွာ ပါဝင်ထမ်းဆောင်လျက်ရှိကြသည်။

အဆိုပါ အဖွဲ့အစည်းများနှင့်အတူ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကပါ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်း ဖော်ဆောင်နိုင်သောကြောင့် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ထိရောက်အောင်မြင်မှုများ ရရှိလာပေသည်။

တိုးပွားဖြစ်ထွန်း

တပ်မတော်အစိုးရ လက်ထက်တွင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး မိမိတို့၏ မွန်မြတ်သော အသိစိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၌ ပါဝင်လက်တွဲ ဆောင်ရွက်လာကြသော အသင်းအဖွဲ့များ တိုးပွားဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ပညာရေးဌာနမှ ဆရာ၊ ဆရာမများနှင့်အတူ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားပြည်သူများအား စာဖတ်စွမ်းရည်မြှင့်တင်ရေးအတွက် ဤသို့ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တိုးတက်ဖြစ်ထွန်းလာသည့် အသင်းအဖွဲ့ များ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	အသင်းချုပ်/အဖွဲ့ချုပ်	–	၂	၂
၂	အသင်း	၅	၁၇	၁၂
၃	အဖွဲ့	၁	၃	၂
၄	အစည်းအရုံး	–	၄	၄

မြန်မာ့ရုပ်မြင်သံကြား

၂၉–၁–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ဖြူးချောင်းတံတား
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နေခြည်နွေးနွေး"** (အပိုင်း–၂၇)
၁၁:၅၅ ၄။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် (အပိုင်း–၂)
၁၂:၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"ကမ္ဘာတစ်ရဲ့တန်ဖိုး"** ကျော်ဟိန်း၊ ကျော်ဇေယျ၊ နေမျိုးအောင်၊ မင်းကို၊ မေသန်းနု၊ ယမင်းကိုကို (ဒါရိုက်တာ–စိုးကျော်ဆန်း)
၁၄:၂၅ ၇။ အကပြိုင်ပွဲ
၁၄:၃၅ ၈။ **"ဟွန်းသံ"** (ရောနှင့် ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၁၄:၄၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈:၄၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း–၆)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **"ကြယ်စင်ဝန်းခ ပန်းရိုးမ" (အပိုင်း–၂) လူမင်း၊ ခန့်စည်သူ၊ နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ ဇင်ဇင်ဇော်မြင့်၊ နွဲ့နွဲ့မူ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း–၁၈)

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၂၇ရက်က သာသနာရေး ဝန်ကြီးဌာန ထေရဝါဒ ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အလှူရှင် ဦးတင်စိန်-ဒေါ်ကျင်သိန်းတို့၏ ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် အလှူရှင် မိသားစုတို့က အလှူငွေကျပ်သိန်း၁၀၀၀ကို သာသနာရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းဖော်ပြပြီး)
(သတင်းစဉ်)

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **ဗိုလ်မှူးသက်နိုင်ဦး**
B.Sc (D.S.A)
နှင့်
ကျွန်မ **မခင်စန္ဒာထက်**
M.Sc (Credit) M.Res (Botany)
သရုပ်ပြ၊ ရုက္ခဗေဒဌာန၊ ဘားအံတက္ကသိုလ်
တို့သည်
နှစ်ဖက်သောမိဘတို့၏ သဘောတူခွင့်ပြုချက်အရ ဂုဏ်သရေရှိ လူကြီးမင်းများတို့ရှေ့မှောက်တွင် ၂၂-၁၂-၂၀၀၅ရက်၌ လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သော မိဘများနှင့်
ဗိုလ်မှူးသက်နိုင်ဦး-မခင်စန္ဒာထက်။

ဗိုလ်တထောင်ရောင်တော်ဖွင့်တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၈

ဗိုလ်တထောင်ရောင်တော် ဖွင့်အသင်း (၅၅)နှစ်ပြည့် ဓမ္မပူဇာပွဲအဖြစ် ဇန်နဝါရီ ၂၉ရက် (တနင်္ဂနွေနေ့)တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ ဇန်နဝါရီ ၃၀ရက်(တနင်္လာနေ့)တွင် မဇ္ဈိမဂုဏ်ရည် အရှင်ကောဝိဒ (Ph.D)၊ဇန်နဝါရီ၃၁ရက်(အင်္ဂါနေ့)တွင် ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ ဖေဖော်ဝါရီ ၁ရက် (ဗုဒ္ဓဟူးနေ့)တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ဖေဖော်ဝါရီ ၂ရက်(ကြာသပတေးနေ့)တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်၊ အင်းမ)၊ ဖေဖော်ဝါရီ ၃ရက် (သောကြာနေ့)တွင် အရှင်ဇေယျပဏ္ဍိတ၊ ဖေဖော်ဝါရီ ၄ရက် (စနေနေ့)တွင် ဓမ္မစေတီ အရှင်ကောသလ္လတို့က ညစဉ်၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ ကုသိုလ်ရှင်များသည် ဗိုလ်တထောင်စေတီ ဓမ္မသဘင်သို့ ကြွရောက်နာယူကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(၃၅၂)**

မီး သတိပြု

ပညာရေးတက္ကသိုလ်ရန်ကုန်၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် (စနေနေ့)က တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ပညာရေးတက္ကသိုလ်ကျောင်းသူ ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၀၆ ခုနှစ်၊ (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က
SHWE BAHO MEDICAL CENTRE မှ ဒါရိုက်တာ Dr. အောင်လင်း၏ဇနီး
ဒေါ်မိမိစိန် (ဒါရိုက်တာ)
Asia Express (Ygn) Co., Ltd. အား
သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်
ကို ချီးမြှင့်အပ်နှင်းသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။
ဆက်လက်၍ တိုင်းပြည်အကျိုး သာသနာ့အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆွေးမျိုးဝန်ထမ်းများ။

လေးမျက်နှာ ပရဟိတ ငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန် ဒသမအကြိမ်မြောက် ငွေလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့နာယက အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်းမိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ ပဓာနဦးစီးနာယက ဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ဦးဆောင်၍ အောင်ဆန်းတောရ တပ်ဦးကျောင်း၌ ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းတည့် ၁၂နာရီ၌ကျင်းပမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များသည် အောင်ဆန်းတောရတပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျေးဇူးဆပ်ပါမည် ၂၈-၁-၂၀၀၆ရက် ညပိုင်းတွင် မင်းရဲကျော်စွာလမ်း၌ မှတ်ပုံတင်၊ လိုင်စင်၊ ID ကတ်များနှင့် ငွေများပါရှိသော ပိုက်ဆံအိတ်ကို တွေ့ရှိပါက ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ကိုသန်းအောင် ဖုန်း-၀၉-၅၀၁၁၂၆၆။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၂လမ်းထောင့်ရှိ အမှတ် ၁၄၀နှင့် အမှတ် ၂၉၉ရှိ မြေညီထပ်တိုက်ခန်းသည် ကျွန်တော် ကျွန်မတို့၏မိခင် ဒေါ်စံမြသူ အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ မိခင်ကွယ်လွန်ပြီးနောက် အမွေဆိုင်ငါးဦးဖြစ်သော ဒေါ်နုမေ၊ ဦးစောထွန်းအောင်(ကွယ်လွန်)၊ ဒေါက်တာဒေါ်စောသာ၊ ဦးစောလှအောင်၊ ဒေါ်စောသာမေတို့သား၊ သမီးငါးဦးကျန်ရစ်ခဲ့ပါသည်။

အထက်ပါ အမွေဆိုင်တိုက်ခန်းအတွင်း ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းစသည်တို့ မပြုလုပ်ရန် ပြင်းထန်စွာတားမြစ်ကန့်ကွက်ပါသည်။ ဤကဲ့သို့ မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။
ဒေါ်နုမေ၊ ဒေါ်စောသာ၊
ဦးစောလှအောင်၊ ဒေါ်စောသာမေ(အမွေဆိုင်များ)။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

Htay Service Agency Co.,Ltd

Chilled Water Foreman, HVAC Technician, Control & BMS Technician, HVAC Foreman, Duct Installers, Shuttering Carpenter, Plumbing Foreman, Duct Insulation, Steel Fixer, Civil-Site Engineer, Welder, Mason, Civil-General Foreman, Pipe Fitter, Foreman, Electrician, Plumber

HTAY SERVICES AGENCY CO.,LTD

သာကေတ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

သာကေတမြို့နယ် အထက(၁)ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၂၀၀၂ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်ကြသော ဦးမောင်ဝင်း ဖုန်း-၂၁၂၉၆၉၊ လိုင်းခွဲ ၃၀၀-၃၇၉၆၆၈၊ ဝ၉-၅၁-၀၈၃၈၅၊ ဦးမင်းဟန် ဖုန်း-၅၄၃၂၈၈၊ ဦးထွန်းအောင်(ပညာရေး) ဖုန်း-၅၅၉၇၉၂၊ ဒေါ်အေးသန်း(မီဒီ) ဖုန်း-၅၄၁၄၇၉၊ ဝ၉-၅၁-၂၂၇၈၁၊ ဒေါ်စန်းစန်း(စွမ်းအားသမ) ဖုန်း-၂၉၁၄၁၇၊ ၅၄၁၃၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၂)**

ဇနီးအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ဒေါ်မြင့်မြင့်ခိုင်(ခ)ဒေါ်ကြည်ကြည်ပိုင်(ခ)မကြည် ၁၂/သကတ(နိုင်)၀၅၈၄၀၇နှင့် ကျွန်တော် ဦးအေးငြိမ်းချမ်းမျိုး တို့သည် ၂၄-၁-၂၀၀၆ရက်တွင် ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၁)ရှေ့တွင် ကွာရှင်းပြတ်စဲပြီးပါကြောင်း နှစ်ဖက်ဆွေမျိုးမိတ်ဆွေများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဦးအေးငြိမ်းချမ်းမျိုး ၁၂/ဒဂတ(နိုင်)၀၃၉၇၃၅
အမှတ် ကေ(၁၀၁)၊ မြေညီထပ်၊ မနော်ဟရီရိပ်သာ၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

KMD Computer Centre
VCD/DVD
Special Effect
[Duration 50 Hours]

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကြီးမှူး အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ၊ ကျန်းမာရေး ပညာပေးဟောပြော

ကြို့ပင်ကောက် ဇန်နဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်နံနက် ၉နာရီက သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းကျေးရွာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က အဖွင့်အမှာ စကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခင်ညွန့်နွယ်က မိခင်နှင့်ကလေးစောင့် ရှောက်ရေးအဖွဲ့ နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ရန်နိုင်မောင်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်တင်တင်ညိုက သားဖွားနှင့်မီးယပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာ ဦးကျော်ဝဏ္ဏက အေအိုင်ဒီအက်(စ်) ရောဂါအကြောင်းနှင့် သွေးတိုးရောဂါ အကြောင်း သိကောင်းစရာများကို လည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေးကုသခြင်းအတွက် ဆေးဝါးကုန်ကျစရိတ် အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌများက စုပေါင်းလှူဒါန်းသည့် အလယ်ကုန်းတိုက်နယ် ဆေးရုံအတွက် ဆေးပဒေသာပင် သုံးသိန်း ခြောက်သောင်းကို လည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အထူးကုဆရာဝန်ကြီးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်နှင့်အဖွဲ့ဝင်များသည် အလယ်ကုန်းတိုက်နယ် ဆေးရုံတွင် တက်ရောက်ကုသနေသောလူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး အထူးကုဆရာဝန်ကြီးများက ဆေးဝါးကုသမှုများကိုလိုက်လံကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

(အမျိုးသမီးရေးရာ)

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ကျိုက်မရောမြို့ အောင်မင်္ဂလာ ထပ်ပိုးလွှာခင်း ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု ပညာပေးဟောပြောပွဲ ကျောက်မဲမြို့၌ကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၂၂

ကျောက်မဲမြို့နယ် ပညာရေးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီက ကျောက်မဲအထက(၂) ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုန်းပွင့်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မောင်ကြည်သော်(ကောလင်း)၊ ဆရာဘုန်း(ဓာတု၊မန္တလေး)၊ ဆရာဆန်း(စာပန်းအိမ်၊ ပြင်ဦးလွင်)နှင့် ဆရာမင်းသူ(မန္တလေး)တို့က ပညာပေး ဟောပြောကြသည်။ အလားတူ ဟောပြောပွဲကို အထက(၁)ကျောင်းတွင် ကျင်းပခဲ့ကြကြောင်း သိရသည်။ **(က–ပ)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင်မောင်စိုး၊ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများ သီပေါမြို့နယ် နမ့်လန်မြို့မ(ဈေး)အတွင်း ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်မှုနှင့် စနစ်တကျ ရောင်းချမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

သံဖြူဇရပ်မြို့ မြို့မဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းခင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဇန်နဝါရီ ၆ ရက်က ဈေးအတွင်း လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကျင်းပ ၂၀၀၆ ခုနှစ်အတွင်း ဧကနှစ်သောင်းကျော် စိုက်ပျိုးမည်

ညောင်ဦး ဇန်နဝါရီ ၂၃

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ် ဖွားစောကျေးရွာအုပ်စု၊ သူဌေးကန်ကျေးရွာအနီးနှင့် ဓမ္မရာဇကဘုရားရှေ့ရင်ပြင်၌ ကျင်းပရာ စိုက်ပျိုးပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတေဇနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များမှပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စိုက်ပျိုး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ၂၀၀၆ ခုနှစ်အတွင်း ညောင်ဦးမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ၂၀၈၉၉ ဧက စိုက်ပျိုးသွားမည့်အစီအစဉ်၊ မျိုးစေ့၊ ပျိုးပင်နှင့် ပျိုးကိုင်းများ စုဆောင်းထားရှိမှုကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ စိုက်ပျိုးပြီးသောအပင်များ ရှင်သန်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ကြက်ဆူပင် ၁၅ ဒသမ ၄ ဧကကို တက်ရောက်သူများနှင့်အတူ စိုက်ပျိုးကြသည်။

ညောင်ဦးမြို့နယ်အနေဖြင့် ၂၀၀၆ခုနှစ်တွင် ကြက်ဆူပင် ၂၀၈၉၉ဧက စိုက်ပျိုးသွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကြက်ဆူပင်ဧကနှစ်ထောင် စိုက်ပျိုးပြီး လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘိုကလေးမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘိုကလေး ဇန်နဝါရီ ၁၀

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဘိုကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်မြစိမ်းရောင်ဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းဆောင်ရွက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးလှဌေးနှင့်အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မုံရွာမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ပြည်ထောင်စုလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၁ရက်က အင်ဂျင်နီယာမှူးဦးဝင်းကျော်မျိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပျဉ်းမနားမြို့၌ ကျပန်းစကားပြောပြိုင်

ပျဉ်းမနား ဇန်နဝါရီ ၅

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက မင်္ဂလာကန်တော်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးက အမှာစကား ပြောကြားပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးက ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် နှစ်သိမ့်ဆု ရရှိသူများအား မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

(ဝ၉၉)

တာချီလိတ်ခရိုင်နှင့် မြို့နယ်ထွေ/အုပ်ဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဟောပြော၊ ဆုများချီးမြှင့်

တာချီလိတ် ဇန်နဝါရီ ၁၀

တာချီလိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နွယ်နှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာရင်းကိုင်(၄) ဒေါ်သီတာအောင်က မိသားစုဘဝ ပျော်ရွှင်ဖို့ကျန်းမာရေးကို လိုက်စားစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်ဝင်းစပယ်နှင်းက လေ့လာမှတ်သားစိုက်ပျိုးပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီး ၂၀၀၅ ခုနှစ်အတွက် ဝန်ထမ်းနေအိမ်သန့်ရှင်းရေးဆု၊ စိုက်ပျိုးရေးဆုနှင့် မွေးမြူရေးဆုများကို စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နွယ်နှင့် ကော်မတီဝင်များက ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

(၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၈

ဘိုကလေးမြို့ ရန်ပြေ မာန်ပြေ အောင်စကြာ စေတီတော်မြတ်၏ (၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆိုင်ခန်းများဖွင့်လိုသူများနှင့်လှူဒါန်းမည့်သူများ အောင်စကြာဂေါပကအဖွဲ့ ဘိုကလေးမြို့၊ ဦးကျော်မြင့်(တရားရုံးချုပ်ရှေ့နေ)ရုံး ဖုန်း-၃၈၇၆၃၁၊ ၀၉-၉၉ ၇၃၉၆၄နှင့် ဦးအောင်ညွှန့် ငဝန်သစ်စက် ဘိုကလေးမြို့ ဖုန်း ၀၄၅-၂၁၂၅၆ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဈေးဓမ္မာရုံ တိပိဋကဆရာတော်များတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်း ဗဟန်းမြို့နယ် မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် ဝါပအထူး တရားဓမ္မသဘင်ပွဲအဖြစ် ဖေဖော်ဝါရီ ၄ရက်တွင် တိပိဋကဓရ ဘဒ္ဒန္တ ကုမာရာဘိဝံသ(ဘုတလင် ဆရာတော်)၊ ၁၁ ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံ ဆရာတော်) အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)



ကျောက်ပန်းတောင်းမြို့ အထက(၁)မြတ်ဆရာပူဇော်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၈

ကျောက်ပန်းတောင်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးသန်း(ဗဟိုတရားရုံးရှေ့နေ)က နှစ်စဉ်မြတ်ဆရာအာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျင်းပရေး ကော်မတီရန်ပုံငွေ ရှာဖွေရေးနှင့်ဘဏ္ဍာရေးမှူး ဦးတင်ဌေး (လက်ပန်ပင်)က အလှူငွေပစ္စည်း ရသုံး စာရင်းများကို ရှင်းလင်းတင်ပြကြသည်။

ပူဇော်ကန်တော့

ထို့နောက် ကန်တော့ခံ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအားကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(ဝဇိ)**

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို မီးသတ်ဦးစီးဌာနနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ ဒီဇင်ဘာ ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွှန့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အလူးလေး-အလူးကြီးဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းသာယာလှပရေး ရေနုတ်မြောင်းများရှင်းလင်း

မြစ်ကြီးနား ဇန်နဝါရီ ၆

မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သောမြို့တော်ဖြစ်စေရန် မြို့ပြနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၆ရက်က ဒုတိယဦးစီးမှူး(သန့်)ဦးသန်းဝင်းနှင့် ဝန်ထမ်းများသည် ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်းပန်းဘောင်အမှတ် ၃၅မှ၈၈အထိ လမ်းဘေးဝဲယာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း၊ စိမ်းလန်းမြေရှိ ပုံဖော်ပန်းပင်များ ပုံဖော်ခြင်းနှင့် ပြည်ထောင်စုလမ်းမကြီး ဝဲယာ ရေနုတ်မြောင်းအတွင်းရှိ အမှိုက်သရိုက်များ၊ နုန်းမြေများ ရှင်းလင်းစွန့်ပစ်ခြင်းတို့ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးဆွေက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်ပညာရေးသရုပ်ဖော် မင်္ဂလာပါဇာတ်ကား သမ္မတနှင့် မန္တလေး(ဝင်းလိုက်)ရုံတို့၌ဆက်လက်ပြသ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၂၈

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ နိုင်ငံခြားကားသစ် Seven Swords ဇာတ်ကားရုံဝင်လာသည်။

သမ္မတရုံနှင့် မန္တလေး(ဝင်းလိုက်) ရုံတွင် ဒါရိုက်တာ မီးပွားရိုက်ကူးသည့် **မင်္ဂလာပါ** ဇာတ်ကား ဆက်လက်ပြသလျက် ရှိသည်။ ဤဇာတ်ကားတွင် နာသုံးနာနှင့် ပြည့်ဝနေသည့် ဆရာများ၏ ခံယူချက်နှင့် ဟန်ဆောင်မှုကင်းပြီး ရိုးသားဖြူစင်သည့် ကျေးလက် ပြည်သူတို့၏ သဘောသဘာဝကို ပေါင်းစပ်ရိုက်ကူးထားသည့် ကျေးလက် ပညာရေးမြှင့်တင်မှု ဇာတ်ကား ဖြစ်သည်။

သွင်ရုံတွင် Batman Begins နိုင်ငံခြားအက်ရှင်ဇာတ်ကား ပြသလျက်ရှိသည်။

ရှေ့ဆောင်ရုံတွင် Tom Cruise, Dakota Finningတို့ ခေါင်းဆောင်ပါဝင်ထားပြီး ဂြိုဟ်သားတို့ လာရောက်တိုက်ခိုက်ပုံ ရိုက်ကူးတင်ဆက်ထားသော War of the Worlds ဇာတ်ကားရုံဝင်လာသည်။ Sahare ဇာတ်ကားမှာ မင်္ဂလာရုံတွင်လည်းကောင်း၊ Transporter II ဇာတ်ကားမှာ မန္တလေး(မြို့မ)ရုံတွင် လည်းကောင်း ပြသလျက်ရှိသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Tsui Hark ရိုက်ကူးပြီး Leon Lai, Charlie Yeung, Donnic Yen, Liwu Dai, So-yeon Kimတို့ပါဝင်သရုပ်ဆောင်ထားသော Seven Swords ဇာတ်ကားသစ်ရုံဝင်လာသည်။

မင်းသိင်္ခ၏ ဝတ္ထုကို ဒါရိုက်တာ မြတ်ပုညရိုက်ကူးသည့် **ပုဏ္ဏရိက** မြန်မာအဆင့်မြင့် ဗီဒီယိုဇာတ်ကား ဖေဖော်ဝါရီ ၃ရက်တွင် နဝဒေးရုံ၌ ပြသသွားမည်ဖြစ်သည်။

မင်္ဂလာပါ ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ပုဏ္ဏရိကဇာတ်ကားမှ ကျော်သူနှင့် ထွန်းအိန္ဒြာဗို။

ရဲအောင်၊ မင်းမော်ကွန်းနှင့် ပုလဲဝင်းတို့ ပါဝင်ထားသော **မျိုးစေ့** မြန်မာအဆင့်မြင့် ဗီဒီယိုဇာတ်ကား ဖေဖော်ဝါရီ ၃ ရက်တွင် မဟာမြိုင်နှင့်မြရတနာရုံဝင်လာမည်ဖြစ်သည်။

မြို့မရုံတွင် ဒါရိုက်တာ Abbas Mustan၏ Aitrnaz(အမှန်တရား) ဇာတ်ကား ရုံဝင်လာသည်။

ဤဇာတ်ကားတွင် Priyanka Chopra, Akshay Kumar, Karinn, Kapourတို့ ပါဝင်ထားပြီး မိမိချစ်ဇနီးအပေါ်ထားရှိသည့် သစ္စာ၊ ရင်သွေးကို မြတ်နိုးထားတတ်သူ တစ်ဦး၏ အကျိုးရလဒ်ကို အခြေခံရိုက်ကူးထားသည့် အိမ်ထောင်ရေး ဇာတ်ကားဖြစ်သည်။

ရွှေဂုန်အဆင့်မြင့်ရုံ မြေညီထပ်တွင် ရာဂျက်ခမ်းနားဆန်နီဒိုး၊ ဂျက်ကီရှရွန်၊ ဆာရီဒေးဗစ်၊ ဂျေရာဖရီဒါတို့ သရုပ်ဆောင်ထားသော Main Tera Dushman (ချစ်ခြင်းမေတ္တာရဲ့ ရန်သူ) ဇာတ်ကားရုံ ဝင်လာသည်။ ဤဇာတ်ကားတွင် ဆင်လိမ္မာလေးသည် မိမိတို့မိသားစုကို ကယ်တင်ခဲ့သည့် ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် အိမ်ထောင်ရေး မေတ္တာဖွဲ့ဇာတ်ကား Yaadein ရုံဝင်လာမည် ရွှေဂုန်ရုံ(အပေါ်ထပ်)တွင် အက်ရှင် မင်းသား ဗန်ဒိန်းအထူးပါဝင်သရုပ်ဆောင်ထားသော Universal Soldiers အက်ရှင်ဇာတ်ကြမ်းကား ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အသံ

၃၀-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာ အကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (စတုတ္ထတန်း-အခြေခံသိပ္ပံ)

ညနေပိုင်း

၁၆:၁၀ ဆွေးနွေးခန်း (ကျိုင်းတုံမြို့နယ် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (လားရှိုးမြို့၏ စည်ပင်သာယာရေး လုပ်ငန်းများ)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်သော မြို့ဦးရွှေကျော် သံကူကွန်ကရစ် တံတားဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း တက်ရောက်ပြီး မြို့နယ်အဖွဲ့ဝင် (၁) နှင့် အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာနှင့် အတတ်ပညာရှင်များ၏စွမ်းအား အဓိကကျ အရည်အသွေးရော၊ အရည်အချင်းပါ ပြည့်ဝသည့်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးဆောင်ရွက် နိုင်ငံတော်ကြီးကို Educated Nation အဖြစ် ပညာရေးကဏ္ဍက စွမ်းဆောင် လူငယ်လူရွယ်များ တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရေးလေ့ကျင့်ပေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ရနာရီက အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၄ ကော်လံ ၁ ✻

အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၇၄၆၇ ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးဖြစ် ကျေးလက်ပြည်သူရှစ်သန်းခန့် အစိုးရနှင့်ပြည်သူပူးပေါင်းကူညီမှု၏အကျိုးကိုလက်တွေ့ခံစားနေရပြီ

အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၇၈၆၈ ရွာ သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ တူးဖော်ပြီးစက်ရေတွင်းများ ရေရှည်သုံးစွဲနိုင်အောင် ပြည်သူများနှင့်ပူးပေါင်းပညာပေးထိန်းသိမ်း

ရန်ကုန် ဇန်နဝါရီ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၁)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အလှူငွေများကိုလက်ခံပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင်

စာမျက်နှာ ၅ ကော်လံ ၁ ■

လှူဒါန်းငွေများလက်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူရှင်တစ်ဦးထံမှ လှူဒါန်းငွေများ လက်ခံစဉ်။ (သတင်းစဉ်)

29-1 (20).p65 1 3/25/1905, 11:33 PM

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့ များမှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၂၇ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြရာတွင် တနင်္သာရီတိုင်းမှ ဦးကျော်လှိုင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် မိမိတို့နိုင်ငံတော်၏ ယနေ့မျက်မှောက်ကာလအတွက် သာမက အနာဂတ်ကာလ မြန်မာနိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက်ပါ အလွန်အရေးကြီးသည့်အခန်းဖြစ်၍ မိမိတို့ အထူးဂရုတစိုက်လေ့လာမှတ်သားခဲ့ကြပါကြောင်း။

မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနှင့် အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရှုလေ့လာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီး တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ တညီတညွတ်တည်း သဘောတူဆုံးဖြတ် အကြံပြုနိုင်ခဲ့ကြပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသက်တမျှအရေးကြီးလှပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားအသီးသီးတို့၏ အသက်၊ နိုင်ငံသူ၊ နိုင်ငံသားအသီးသီးတို့၏ အသည်းနှလုံးပမာလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်သည့် အခန်းတိုင်း အခန်းတိုင်း၊ အချက်တိုင်း အချက်တိုင်းသည် ခန္ဓာကိုယ်တွင်ပါဝင်သည့် မရှိမဖြစ် အစိတ်အပိုင်းများကဲ့သို့ အရေးကြီးလှပါကြောင်း။

ခန္ဓာကိုယ်၏ မရှိမဖြစ်အစိတ်အပိုင်းတိုင်း၊ အစိတ်အပိုင်းတိုင်း ရှင်သန်လှုပ်ရှားနေမှ လူ့ဘဝသည် ရှင်သန်လှုပ်ရှားပြီး ကြံ့ကြံ့ခိုင်ခိုင် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ လူ့ဘဝအတွက် ကိုယ်ခံအားကောင်းနေပါမှ ပြင်ပပယောဂများ၊ ရောဂါဆိုးများကို ခုခံကာကွယ်ဟန့်တားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်ပြဋ္ဌာန်းထားသည့် အခန်းတိုင်း၊ အချက်တိုင်းသည်လည်း နိုင်ငံတော်၏သမိုင်းကြောင်းနှင့် ထင်ဟပ်မှု၊ နိုင်ငံသားတိုင်း၏ဘဝနှင့် ဆန္ဒပြည့်ဝမှု၊ အစဉ်သဖြင့် ဖြစ်ပျက်ပြောင်းလဲနေသည့် နိုင်ငံ၏အခြေအနေ၊ နိုင်ငံတကာ၏အခြေအနေ၊ ဒေသဆိုင်ရာနိုင်ငံများ၏ အခြေအနေများနှင့် သဟဇာတကျမှု၊ အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အမွေခံကောင်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးစွမ်းနိုင်မှုစသည့် အချက်များနှင့် ခိုင်ခိုင်မာမာရှိနေမည်ဆိုလျှင် မည်သည့်ပြင်ပပယောဂမှ ဝင်ရောက်ပူးကပ်စွက်ဖက် နှောင့်ယှက်သွေးထိုးဖျက်ဆီးမှုမျိုးကိုမျှ ခံရမည်မဟုတ်ပါဘူး၊ နိုင်ငံတော်ကြီးသည် ကိုယ်ခံအားကောင်းကောင်းနှင့် ထာဝရရှင်သန်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း၊ ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို အကြံပြုတင်ပြရာတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အကြံပြုတင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ရပ်တည်နေထိုင်လာခဲ့သည့် နိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း။

သို့သော် ၁၉ ရာစုအတွင်းမှာ ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်ကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရပြီး မြန်မာနိုင်ငံသည် နယ်ချဲ့ကျွန်ဘဝကျရောက်ခဲ့ရပါကြောင်း၊ ယင်းသို့ သူ့ကျွန်ဘဝကျရောက်ခဲ့ရခြင်းသည် အထွေထွေသော ခေတ်နောက်ကျမှုကြောင့်ဟု သုံးသပ်ခဲ့ကြပါကြောင်း။

ယင်းအထွေထွေ ခေတ်နောက်ကျမှုများအနက် မိမိတို့နိုင်ငံတွင် အင်အားတောင့်တင်းပြီး ခေတ်မီလေ့ကျင့်ထားသည့် တပ်မတော်တစ်ရပ် ခိုင်ခိုင်မာမာဖွဲ့စည်းထားခြင်းမရှိ၍ဆိုသည့် သမိုင်းသင်ခန်းစာကြီးတစ်ရပ် ရရှိခဲ့ပါကြောင်း။

ယင်းသမိုင်းသင်ခန်းစာအရ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တစ်ရပ်ရှိနေရမည်ဆိုသည်ကို မိမိတို့ ခိုင်ခိုင်မာမာ ယုံကြည်ထားကြပါကြောင်း။

ထို့ကြောင့် တပ်မတော်နှင့်စပ်လျဉ်းပြီး ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများအရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ တပ်မတော်အခန်းတွင် **“တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်”**ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံလုံး၏ ပင်မဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား သဘောတူထားသည့် ပဋိညာဉ်စာချုပ်ကြီးဟုလည်း ဆိုကြပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံးနှင့်ဆိုင်သည့် အမျိုးသားရေးတာဝန်ကြီးများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် အခြေခံမူအဖြစ် ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးစေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို လည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုလည်းကောင်း ထိခိုက်သည့် အန္တရာယ်ဖြစ်သည်ဟု နိုင်ငံသားတိုင်းက နားလည်မှတ်ယူကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ နိုင်ငံတော်၏ အကြီးမားဆုံးသော အန္တရာယ်မျိုးများ တွေ့ကြုံလာသည့်အခါ တွေ့ကြုံလာမည့်အခြေအနေများ ပေါ်ပေါက်လာသည့်အခါ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဟန့်တားနိုင်၊ ကာကွယ်နိုင်သည့် အဖွဲ့အစည်းသည် တပ်မတော်ပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းမှ ဖြစ်ရပ်များသည် သင်ခန်းစာများပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးတာဝန်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက အခြေခံမူအဖြစ် ချမှတ်ပြီးဖြစ်သည့်အတိုင်း **“တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”** ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ လက်တွေ့ဘဝတွင် မမိုတ်မသုန် ခံယူလိုက်နာကျင့်သုံးရမည့် အမျိုးသားရေးယုံကြည်ချက်၊ အမျိုးသားရေးခံယူချက်၊ အမျိုးသားရေးဦးတည်ချက်များဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်ဟုလည်း သတ်မှတ်ထားရမည်ဖြစ်ပါကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် ခိုင်မာပါသည်ဆိုသည့် ပြည်ထောင်စုနိုင်ငံအချို့သည် အချိန်တိုအတွင်း ဖရိုဖရဲပြိုကွဲပြီး ပြည်သူပြည်သားများ၏ အသက်အိုးအိမ်စည်းစိမ်များစွာမက ယဉ်ကျေးမှုများပါ ပျက်စီးဆုံးရှုံးသွားကြသည့် သင်ခန်းစာမျိုးများ မိမိတို့တွေ့မြင်ခဲ့ကြပြီးဖြစ်ပါကြောင်း။

၁၉၈၉ ခုနှစ် တပ်မတော်အင်ဂျင်နီယာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ပြည်ထောင်စုမပြိုကွဲရန်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှ ဖြစ်မယ်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်ဆိုသည်မှာလည်း ပြည်ထောင်စုမပြိုကွဲမှဖြစ်မယ်၊ တစ်ခုနဲ့ တစ်ခု အမှီသဟဲပြုပြီး ဆက်စပ်ဖြစ်ပေါ်နေသည့် အကြောင်းတရား၊ အကျိုးတရားများပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးမှာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း”** ဟု လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

တပ်မတော်သည် အမျိုးသားပြန်လည်လွတ်မြောက်စေရန်ဖြစ်သည့် လွတ်လပ်ရေးတိုက်ပွဲမှပေါက်ဖွားလာသည့် ပြည်သူချစ်သော မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်ပါကြောင်း၊ ရရှိထားသည့်လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် ကာကွယ်ရသည့်အခါတွင် တပ်မတော်သည် ပြည်သူ့ရှေ့မှောက်တွင် မားမားမတ်မတ်ရပ်ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့သည့် သမိုင်းအစဉ်အလာများ အထင်အရှားရှိခဲ့ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရတော့မည့်အန္တရာယ်မျိုးမှ ကာကွယ်ရန်တပ်မတော်ကို တာဝန်ပေးအပ်ထားခြင်းသည် သမိုင်းကြောင်းအရလည်းမှန်ပါကြောင်း၊ သဘာဝလည်းကျပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံက အခြေခံမူအဖြစ် ချမှတ်ထားပြီးဖြစ်သည့်အတိုင်း **“ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်”**ဟု နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တစ်အူထုံ့ဆင်း သွေးသားရင်းချာ တိုင်းရင်းသားညီနောင်များ စည်းလုံးညီညွတ်စွာစုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် အေးချမ်းစွာနေထိုင်လျက်ရှိနေသော်လည်း မိမိတို့နိုင်ငံကို ၎င်းတို့၏ထီးရိပ်အောက်တွင် ထားလိုကြသည့် နိုင်ငံအချို့က တိုင်းရင်းသားအချင်းချင်း ထင်ယောင်ထင်မှားဖြစ်အောင်၊ သွေးကွဲအောင်၊ ရန်လိုမုန်းတီးမှုများဖြစ်လာအောင်၊ သွေးထိုးသပ်လျှိုမှုများ ယနေ့ခေတ်ကာလတွင် အများဆုံး တွေ့မြင်နေရပါကြောင်း။

နိုင် ငံ တော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တနင်္သာရီတိုင်းမှ ဦးကျော်လှိုင် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ထို့ပြင် ယနေ့ခေတ် ၂၁ ရာစု နိုင်ငံတကာဆက်ဆံရေးနယ်ပယ်သည် အလွန်တရာ နက်နဲသိမ်မွေ့ ကျယ်ဝန်းလွန်းလှပါကြောင်း၊ သာမန်အားဖြင့် နားလည်ရန် ခက်ခဲလှပါကြောင်း။

မိမိတို့နိုင်ငံဟာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား အာရှတိုက်၏အရှေ့တောင်ပိုင်း အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ဘက်အကျဆုံးကုန်းပိုင်းတွင် တည်ရှိနေသည့်အတွက် နိုင်ငံတကာ၏ စီးပွားရေး၊ စစ်ရေးမဟာဗျူဟာအရ ၎င်းတို့၏အကျိုးစီးပွားအတွက် အလွန်စိတ်ဝင်စားခြင်းခံရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံ၏ တည်နေရာ၊ မြေမျက်နှာပြင်၊ အကျယ်အဝန်း၊ လူဦးရေ၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေ၊ သဘာဝအရင်းအမြစ် စသည့် ပထဝီအချက်အလက်များသည် ဗျူဟာသဘောတရားအရ အလွန်အရေးကြီးပါကြောင်း၊ ပထဝီနိုင်ငံရေးရှုထောင့်အရ အားသာချက်များနှင့် မူဝါဒ အတိမ်းအစောင်း အမှားအယွင်းမခံနိုင်သည့်အချက်များ အမြောက်အမြားရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ နယ်နိမိတ်ကိုကြည့်လျှင် ကုန်းပိုင်းနယ်နိမိတ် အရှည်သည် မိုင်ပေါင်း ၃၉၀၆ မိုင်ရှိပြီး အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့်လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေပါကြောင်း၊ ယင်းမှာ အလေးအနက်ထားရမည့် အချက်များဖြစ်ပါကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနယ်နိမိတ်အရှည်သည် နတ်မြစ်ဝမှ ကော့သောင်းအထိ အလျားမိုင်ပေါင်း ၁၃၈၅ မိုင်ရှည်လျားစွာ တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ကျယ်ပြောလှပြီး ပင်လယ်ရေကြောင်း သွားလာရေးအတွက် အချက်အချာကျလှသည့် အိန္ဒိယသမုဒ္ဒရာကြီးနှင့်လည်း တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်းသည် နိုင်ငံတကာမှ စိတ်ဝင်စားမှု အာရုံကျမှုတစ်ရပ် ဖြစ်စေလျက်ရှိပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံသည် အာရှတိုက်အနောက်နှင့် အာရှတိုက်အရှေ့၊ အရှေ့တောင်အာရှဒေသများစွာကို ကုန်းတွင်းပိုင်းအရ ဖြတ်သန်းသွားလာဆက်သွယ်နိုင်သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ယင်းပထဝီနိုင်ငံရေးအချက်အလက်အခြေအနေများသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ မူဝါဒများ၊ တပ်ပိုင်းဆိုင်ရာရေးရာများကို ချမှတ်ဆောင်ရွက်ရာတွင် အလွန်အရေးပါသည့် အချက်အလက်များဖြစ်ပါကြောင်း၊ ယနေ့ခေတ်ကာလသည် သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာအံ့မခန်းတိုးတက်နေသည့် ခေတ်ကြီးဖြစ်၍ စီးပွားရေး၊ စစ်ရေး၊ ယဉ်ကျေးမှု စသည့်မျက်နှာစာအသီးသီးတွင် လျင်မြန်စွာဆက်သွယ်နိုင်သည့် ခေတ်ကာလကြီးတစ်ရပ်ဖြစ်နေပါကြောင်း။

ထို့ပြင် နိုင်ငံတကာဆက်ဆံရေးတွင် စီးပွားရေးတိုးတက်မှုအင်အားနှင့် စစ်ရေးတောင့်တင်းခိုင်မာမှုအားကိုကြည့်ပြီး မူဝါဒများချမှတ် ဆက်ဆံနေကြသည့် ကာလလည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားရှိသည်၊ မရှိသည်ကိုတွက်ပြီး စစ်ရေးအင်အားကြီးထွားအောင် စီးပွားရေးမဟာမိတ်များ၊ စစ်ရေးမဟာမိတ်ပြုမှုများကို သံတမန်နည်း၊ စီးပွားရေးနည်းစသည့် နည်းမျိုးစုံဖြင့် နိုင်ငံတကာနယ်ပယ်တွင် ဆက်စပ်ဆောင်ရွက်နေကြသည်ကိုလည်း မိမိတို့ သတိပြုမိကြပြီးလည်းဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးတိုက်ပွဲတွင် တပ်မတော်သည်အမျိုးသားရေးတာဝန်ကိုပြည်သူနှင့်အတူရှေ့ဆုံးကပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၄၈–၁၉၄၉ ခုနှစ် ပြည်ပပယောဂကြောင့် ဖြစ်ပေါ်လာခဲ့သည့် ရောင်စုံပြည်တွင်းသောင်းကျန်းမှုအန္တရာယ်ဆိုးကြီးမှ တပ်မတော်ကကယ်တင်ပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၅၃ ခုနှစ် ကျူးကျော်ဝင်ရောက်အခြေစိုက်လာခဲ့သည့် တရုတ်ဖြူ(ကူမင်တန်)တို့၏ပြည်ပကျူးကျော်မှုအန္တရာယ်ကိုလည်းတပ်မတော်သည် အသက်ပေါင်းများစွာ စတေးပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် ရှုပ်ရှုပ်ချွံချွံတော်လှန်တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ နယ်မြေအစိတ်အပိုင်းအချို့ကိုဖဲ့ယူရန်၊ ခွဲထုတ်ခွဲချရန် ကြိုးပမ်းခဲ့သည့် ပြည်ပကျူးကျော်စစ်ကိုတပ်မတော်က ရဲစွမ်းသတ္တိရှိရှိ အမျိုးသားရေးခံယူချက်၊ ယုံကြည်ချက်အပြည့်နှင့် တွန်းလှန်ကာကွယ်ခဲ့ခြင်းသည် သမိုင်းမှာ အထင်အရှားရှိနေပါကြောင်း၊

အချပ်ပို(ခ)ကော်လံ(၁)သို့

29-1 (A).p65 1 3/25/1905, 11:33 PM

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့်သတ်မှတ် အသေးစိတ်အခြေခံရမည့်မူအဖြစ်ချမှတ်သင့်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် ရန်ကုန်တိုင်းမှ ဦးကျော်မြအောင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်သူ့အားသည်တပ်မတော်၊ တပ်မတော်အားသည်ပြည်သူဖြစ်ရပါမည်။ တပ်မတော်နှင့်ပြည်သူသည် ရေကိုသား၍အကြားမထင်သကဲ့သို့ တစ်သွေးတည်း တစ်သားတည်း ဖြစ်နေရပါမည်။ ပြည်သူ့အားနှင့် ပေါင်းစပ်ထားသည့် တပ်မတော်အားသည် ချေဖျက်၍မရသည့် အမြုတေတပ်မတော်ကြီးဖြစ်နေရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့အားပါမှ အရာရာကိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်မှာ တပ်မတော်ဟာ ပြည်သူနှင့်တစ်သွေး တစ်သားတည်းဖြစ်၍ တိုက်ပွဲတိုင်း အောင်ခဲ့ပါကြောင်း၊ မြန်မာ့သမိုင်းစဉ် တစ်လျှောက် ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းပြည်ပအန္တရာယ် အမျိုးမျိုးကို တပ်မတော်က ရှုပ်ရှပ်ချုံချုံတိုက်ပွဲဝင်ခဲ့သကဲ့သို့ ပြည်သူပြည်သား တိုင်းရင်းသား အပေါင်းကလည်း တစ်သားတည်းပူးပေါင်းပါဝင်ခဲ့၍ မိမိတို့နိုင်ငံကို မည်သည့် အန္တရာယ်မျိုးကမျှ မကျူးကျော်မဝင်ရောက် ခြေမချနိုင်ခဲ့ခြင်းပဲဖြစ်ပါကြောင်း။

ယနေ့ဒေသအသီးသီး တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ပြည်သူများက အသိစိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းပါဝင်ခဲ့၍ ကာလတို အချိန်အတွင်းတွင် ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းနေခြင်းဖြစ် ပါကြောင်း။

သို့သော် ပြည်တွင်းပြည်ပအဖျက်သမားတွေနှင့် ကိုလိုနီလက်သစ်ဝါဒီများ သည် တပ်မတော်အင်အားချည့်နဲ့အောင်၊ ပြည်သူနှင့်တပ်မတော်သွေးကွဲအောင် နည်းမျိုးစုံနှင့်လုပ်ကြံနေကြသည်ကို အားလုံးအသိအမြင်ပင် ဖြစ်ပါကြောင်း၊ နောင်အခါတွင် လုပ်ဆောင်နေကြဦးမည်ပင် ဖြစ်ပါကြောင်း။

အမှန်မှာ တပ်မတော်ဆိုသည်မှာ ပြည်သူ့သားသမီးများနှင့် ကျစ်လျစ် သိပ်သည်းစွာ၊ စစ်စည်းကမ်းပြည့်ဝစွာ စုဖွဲ့ထားသည့် လေ့ကျင့်သားပြည့်ဝနေ သည့် တပ်မတော်ဖြစ်ပါကြောင်း၊ တစ်နည်းပြောရလျှင် နိုင်ငံတော်နှင့် နိုင်ငံ သားများ ဘေးအန္တရာယ်နှင့်ကြုံတွေ့လာသည့်အခါတိုင်း ပြည်သူ့ရှေ့မှောက်တွင် နေပြီး ပြည်သူကို အကာအကွယ်ပေးနေသည့် ပြည်သူ့ကိုယ်ပွား ပြည့်အင်အား များပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိုင်ငံတော်ကာကွယ် ရေးနှင့် လုံခြုံရေးတွင် ပြည်သူများပါဝင်ရေးနှင့်စပ်လျဉ်းပြီး **"တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာ ဗျူဟာကို ဖော်ဆောင်ရမည်"** ဟု အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းနှင့်ပတ်သက်သည့်၊ သက်ဆိုင်သည့် အမျိုးသားရေးတာဝန်ဖြစ် ပါကြောင်း၊ နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်လည်းဖြစ်ပါကြောင်း။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာသည့် မည်သည့် အတားအဆီးမျိုးကိုမဆို တွန်းလှန်ချေဖျက်ရန် တာဝန်ရှိပါကြောင်း၊ ပြည်သူ့ အန္တရာယ်မှန်သမျှကို ကာကွယ်တွန်းလှန်ဖယ်ရှားပြီး ပြည်သူ့အကျိုးသယ်ပိုး နိုင်ရန်ဆိုသည်မှာ ကာကွယ်ရေးစွမ်းအား ထက်မြက်နေရပါမည်။ ခေတ်မီ တိုးတက်နေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်၏ ကြည်း၊ ရေ၊လေ တပ်ဖွဲ့တိုင်းသည် စွမ်းအားပြည့် သွက်လက်ထက်မြက် ခေတ်မီတိုးတက် စေရန်အတွက် တစ်ခုတည်းသော ကွပ်ကဲမှုအောက်တွင် ရှိနေရမည်ဖြစ်ပါ ကြောင်း။

ထို့အပြင် လုပ်ငန်းတာဝန်၏ သဘောသဘာဝအရ နိုင်ငံတော်က လိုအပ်ချက်အရ လက်နက်ကိုင်ဆောင်ခွင့်ပြုထားသူအားလုံးသည်လည်း တစ်ခု တည်းသော ကွပ်ကဲမှုအောက်မှာပင် ရှိနေရမည်ပင်ဖြစ်ပါကြောင်း။

ယင်းလက်နက်ကိုင်အင်အားစု အားလုံးသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် နိုင်ငံသား များ၏ အကျိုးကိုသယ်ပိုးထမ်းဆောင်ကြရာတွင် တစ်သွေး၊တစ်သံ၊တစ်မိန့် တညီတညွတ် သွက်လက်ထက်မြက်စွာ ထမ်းရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တပ်မတော်အခန်းတွင် **"နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်"** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်နှင့် အမျိုးသားညီလာခံက အခြေခံမူအဖြစ် ချမှတ်ပြီးဖြစ်သည့်အတိုင်း **"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲ ဖြစ်သည်"** ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို အဓိကတာဝန်ယူရသည့် ပုဂ္ဂိုလ်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကွပ်ကဲ ရသည့်ပုဂ္ဂိုလ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် ထမ်းရွက်ရသည့် တာဝန်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်"** ဟု အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါ ကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်တွင် လက်နက်ကိုင် တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်ပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ် ရေးအတွက် အဓိကတာဝန်ရှိသူလည်းဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ထမ်းဆောင်ရသည့်တာဝန်နှင့် လုပ်ငန်းသဘောအရထူးခြားပြီး နိုင်ငံတော်အတွက် အရေးပါသည့်အတွက်ကြောင့် ဒုတိယသမ္မတအဆင့် သတ်မှတ်ထားခြင်းလည်း ဖြစ်ပါကြောင်း။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လွှတ်တော်အသီးသီး တွင် ပါဝင်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း တင်သွင်းပေးရခြင်း၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ခန့်အပ်တာဝန်ပေးမည့် တပ်မတော်သားများအတွက် အမည်စာရင်းတို့ကိုလည်း တင်သွင်းရမည်ဖြစ်၍ ကာကွယ်ရေးဦးစီးချုပ်ခန့်ထား ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နောင်အခါများတွင် သဘောထားကွဲလွဲမှုများ၊ မလိုလားအပ်သည့် ရှုပ်ထွေး မှုများ ဖြစ်ပေါ်မလာရအောင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရန် လိုအပ် ပါကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတ တစ်ဦးတည်း၏ သဘောဆန္ဒတစ်ခုတည်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ကို ခန့်အပ်မည်ဆိုလျှင် ပြီးပြည့်စုံသော အမြင်များ ရချင်မှ ရနိုင်ပါလိမ့်မည်။ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခန့်ထားနိုင်ရေးနှင့်ပတ်သက်ပြီး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ရန်ကုန်တိုင်းမှ ဦးကျော်မြအောင် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြု ထောက်ခံချက်ရယူပြီးမှ ခန့်အပ်မည်ဆိုလျှင် ပိုမိုလျော်ကန်သင့်မြတ် မည်ဟု သဘောရရှိကြပါကြောင်း၊ နောင်အခါ အငြင်းပွားဖွယ်ရာများပေါ်ပေါက် လာနိုင်စရာ အခွင့်အလမ်းများလည်း နည်းပါးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်တာဝန်ပေးအပ်ခြင်း နှင့် ပတ်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"နိုင်ငံတော်သမ္မတ သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက် ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်"** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါ ကြောင်း။

မိမိတို့ မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲ များတွင် မျိုးချစ်စိတ်ဓာတ်ကိုအခြေခံပြီး ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ပါ ကြောင်း၊ တပ်မတော်သို့ ဝင်ရောက်လာကတည်းက နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူကို အန္တရာယ်ပြုမည့် မည်သည့်အန္တရာယ် မျိုးကိုမဆို တွန်းလှန်ဖယ်ရှားပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးမည် ဆိုသည့် ဗီဇစရိုက်ရှိသည့် အမျိုးသားနိုင်ငံရေးစိတ်ဓာတ်ဖြင့် ဝင်ရောက်လာကြ သည့် တပ်မတော်သားများ ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ် စွန့်စားခဲ့ကြသည့် တပ်မတော်သားများ၏ အစဉ်အလာကို မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက်မှာ အထင်အရှားတွေ့မြင်ခဲ့ကြပြီး ဖြစ်ပါကြောင်း။

တပ်မတော်မှာ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် စသည့် လုပ်ငန်းများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိပါမှ စွမ်းရည်ထက်မြက် သွက်လက်သိပ်သည်းသည့် တပ်မတော်တစ်ရပ်ဖြစ်မည်ဖြစ်ပါကြောင်း၊ တပ်မတော်၏ အစဉ်အလာ ၁၂ရပ်၊ တပ်မတော်အား ၁၀ပါးတို့သည် မြန်မာ့တပ်မတော်၏ မှတ်ကျောက်များပင်ဖြစ် ပါကြောင်း၊ အမိန့်နာခံခြင်းဆိုသည့် တပ်မတော်အတွက် အောင်မြင်ခြင်း၏သော့ ချက်ပါ။ တပ်မတော်သည်အစဉ်ရှင်သန်ထက်မြက်နေရန်၊ အောင်နိုင်ရန်အတွက် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ လျှို့ဝှက်ချက်များ အမြဲရှိနေမှာလည်း ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်ရေးရာကိစ္စများကို လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့် ပေးထားပါမှ တာဝန်ကိုအချိန်နှင့် တစ်ပြေးညီ ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တပ်မတော်အခန်း အတွက် **"တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ခွင့် ရှိသည်"** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်အဖွဲ့အစည်းသည် လက်နက်ကိုင်အင်အားစုဖြစ်သည့်အတွက် ပြည်သူများလိုက်နာရသည့် စည်းကမ်းများအပြင် အထူးဥပဒေတစ်ရပ်နှင့် စည်းကမ်းထိန်းသိမ်းပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း ဆောင်ရွက် လေ့ရှိကြပါကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ မဏ္ဍိုင်ဖြစ်ပါကြောင်း၊ စစ်စည်းကမ်းလိုအပ်ချက်နှင့် စစ်ဘက်လတ်တလောလိုအပ်ချက်များသည် တပ်မတော်၏ ထူးခြားချက်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"တပ်မတော်သားများ အတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်"** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်စည်းကမ်းကောင်းမွန်စေ ရေးအတွက် လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပိုင်ခွင့်ရှိရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် စစ်ဘက်တရားစီရင်ရေးတွင် အပြီးအပြတ် အဆုံးအဖြတ် ဖြစ်ရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"စစ်ဘက်တရား စီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီး အပြတ်ဖြစ်သည်"** ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်သားတိုင်းသည် တပ်မတော်သားတစ်ဦးဖြစ်လာသည်နှင့် တစ်ပြိုင်တည်း သစ္စာလေးချက်ကို အဓိဋ္ဌာန်ပြုထားကြရသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မိမိအသက်ကိုပေးလှူထားကြသူများဖြစ် ပါကြောင်း၊ ယင်းသို့ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ရင်း မသန်မစွမ်းဖြစ်ခဲ့လျှင်၊ သေဆုံးခဲ့လျှင် ကျန်ရစ်သူမိသားစု အတွက် နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ခြင်းသည် တရားမျှတပါကြောင်း၊ သဘာဝကျလျော်ကန်သင့်မြတ်လှပါကြောင်း၊ လူမှုအာမခံစနစ်များနှင့်လည်း ကိုက်ညီစေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"မသန်မစွမ်းဖြစ်သွား သော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်"** ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါ ကြောင်း။

အချပ်ပို(ဂ)ကော်လံ(၁)သို့

အချပ်ပို(က)မှ

တစ်နည်းပြောရလျှင် တပ်မတော်သည် အမျိုးသားနိုင်ငံရေးတာဝန်ကို ထိုက်ထိုက် တန်တန်ထမ်းဆောင်ခဲ့ခြင်းဆိုသည့် သာဓကများပင်ဖြစ်ပါကြောင်း။

ယင်းနောက် ၁၉၅၈ ခုနှစ် အာဏာရနိုင်ငံရေးပါတီကြီး နှစ်ခြမ်းကွဲခဲ့ပါ ကြောင်း၊ ယင်းအာဏာရနိုင်ငံရေးပါတီကြီး နှစ်ခြမ်းကွဲသွားခဲ့သည့် ဂယက် ကြောင့် ပြည်တွင်းဆူပူမှုအရှိန်ကို မြှင့်တင်ပေးလိုက်သကဲ့သို့ လောင်မြိုက်ခဲ့ ပါကြောင်း၊ ပြဿနာပေါင်းသောင်းခြောက်ထောင်မကဖြစ်ပေါ်လာခဲ့သည့် အခြေအနေကို အာဏာရပါတီကလည်း မထိန်းနိုင်မသိမ်းနိုင်၊ ပြည်သူတို့၏ အသက်အိုးအိမ်သည်လုံခြုံစိတ်ချမှု လုံးဝမရှိဖြစ်နေသည့်အခြေအနေကို နောက် ဆုံးတွင်အာဏာရပါတီက တပ်မတော်ကိုပင်အိမ်စောင့်အစိုးရဖွဲ့စေပြီး ရပ်ရွာ အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတသည့်ရွေးကောက်ပွဲကျင်းပ ရေး တာဝန်များကို ထမ်းဆောင်စေခဲ့ပြန်ပါကြောင်း။

၁၉၆၁ခုနှစ်တွင် ၁၉၄၇ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အား နည်းချက်ကို အကြောင်းပြုပြီး ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အရေး ပေါ်ပေါက် လာပြန်ပါကြောင်း၊ ယင်းပြည်တွင်းရေးကိစ္စမှာလည်း ပြည်ပအင်အားစုများက ပြည်ထောင်စုကြီးမှ ခွဲထွက်ရေး၊ ကွဲအက်ရေးကို ဝင်ရောက်သွေးထိုး ပေးခဲ့သည်ဆိုသည်ကို သမိုင်းသက်သေများ ရှိခဲ့ပါကြောင်း။

ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အရေး၊ လွတ်လပ်ရေးကြီး ပြန်လည် ဆုံးရှုံးရတော့မည့်အရေး၊ တိုင်းရင်းသားအချင်းချင်း စစ်ခင်းကြတော့မည့်အရေး ကို တပ်မတော်က လက်ပိုက်ကြည့်မနေနိုင်တော့သည့်အတွက် ၁၉၆၂ခုနှစ်တွင် နိုင်ငံတော်၏အာဏာကိုရယူပြီး နိုင်ငံတော်မှာ ကျရောက်လာမည့် အန္တရာယ် များကို ကာကွယ်နိုင်ခဲ့ပြန်ပါကြောင်း။

၁၉၈၈ခုနှစ် ဆူပူမှုအရေးအခင်းသည် မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံး၊ အကြမ်းကြုတ်ဆုံး ဆူပူသောင်းကျန်းမှုကြီးဖြစ်ပါကြောင်း၊ လူအချင်းချင်း ခေါင်းဖြတ်သတ်၊ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်များပါမကျန် လုယက်မီးရှို့ ဖျက်ဆီးကြသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကြီးပင်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဖုံးစည်းတပ်ထားသည့် မင်းမဲ့စရိုက်ဆိုးကြီးပင် ဖြစ်ပါကြောင်း၊ ပြည်တွင်းက ဆူပူအကြမ်းဖက်မှု ချက်ကောင်းကိုစောင့်ပြီး ပြည်ပက ဝင်ရောက်ပူးကပ်စွက်ဖက်မှုများ ပါဝင်လာသကဲ့သို့ ပြောင်ပြောင် တင်းတင်း ကျူးကျော်ရန်စတော့မည့် ခြေလှမ်းများကိုလည်း တွေ့မြင်လာခြင်း ကြောင့် တပ်မတော်သည် ပြည်သူများတွေ့ကြုံရင်ဆိုင်နေရသည့် အန္တရာယ်ဆိုး ကြီးကို ပြည်သူ့ရှေ့မှောက်တွင် မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးခဲ့ရပြန်ပါ ကြောင်း။

ယနေ့တပ်မတော်အစိုးရသည် ပြည်သူများလိုလားတောင့်တနေသည့် ဒီမိုကရေစီအရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး၊ ပြည်သူတို့ အေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် အခြေခံအဆောက်အအုံများကို ဖော်ဆောင် ဖန်တီးပေးလျက်ရှိပါကြောင်း၊ နိုင်ငံအဝန်း အကြားအလပ်မရှိ နိုင်ငံတော် တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဘယ်ခေတ်၊ ဘယ်ကာလနှင့်မျှ မတူအောင် နေ့မအား၊ ညမနား ဆောင်ရွက်ပေး လျက်ရှိပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ ဘေးအန္တရာယ်ကြုံလာသည့်အခါ တိုင်း၊ တိုင်းရင်းသားအချင်းချင်း သွေးခွဲပြီး ပြည်ထောင်စုကြီးကို ဖြိုခွဲမည့် အန္တရာယ်ကြုံလာတိုင်း တပ်မတော်ဟာ ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနိုင်ခဲ့သည့် သမိုင်းအစဉ်အလာများအရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ **"ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေး အတွက် တပ်မတော်က ဦးဆောင်ရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်"** ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါ ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

29-1 (B).p65 1 3/25/1905, 11:33 PM

တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်းဖော်ပြထား

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် ဂီတစာဆို ဟသ်ာတဦးမြင့်ငွေ၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး ပိုင်ဆိုင်ရရှိမှုသည် အစဉ်အလာကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြီဆိုလျှင် အချုပ်အခြာအာဏာကို မည်သို့မည်ပုံ ပိုင်းခြား ခွဲဝေကျင့်သုံးမည်၊ အချုပ်အခြာအာဏာကို တာဝန်ခံကျင့်သုံးရမည့် အာဏာပိုင်အဖွဲ့အစည်းများ မည်သို့ ဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်နှင့်တာဝန်အပ်နှင်းမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို မည်သို့ပေးအပ်မည်၊ နိုင်ငံသားများ မူလအခွင့်အရေးနှင့်အတူ တာဝန်များမည်သို့ယူရန် သတ်မှတ်မည်ဆိုသည်များ ပါရစမြဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံဥပဒေရေးဆွဲသည့် ကနဦးကာလ၌ပင် နိုင်ငံသားအခွင့်အရေးအခန်းပါခဲ့သည်ချည်းဖြစ်ပါကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက ၁၉၉၃ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ချမှတ်ခဲ့သည့် နိုင်ငံတော်အခြေခံမူ (၁၀၄)ရပ်မှာ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့်စပ်လျဉ်းပြီး အခြေခံမူကြီးကိုးရပ်ပါဝင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူများကိုအခြေခံပြီး အသေးစိတ် အခြေခံရမည့်မူများ တိုးဖြည့်ချမှတ်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနှင့် ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း ၂ပါ မူလအခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူ ၂၀နှင့် အပိုဒ်ခွဲ၊ အပိုဒ်ငယ် ၂၂ခု၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း၁၁၊ နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများခေါင်းစဉ်အောက်က နိုင်ငံသားနှင့်နိုင်ငံသားအခွင့်အရေးများဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူ ၂၈ရပ်၊ အပိုဒ်ခွဲ၊ အပိုဒ်ငယ် ၄၁ခုတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံစုံညီ အစည်းအဝေးက ၁၉၉၃ခုနှစ် စက်တင်ဘာလ၁၆ရက်တွင် ချမှတ်ခဲ့သည့် နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့်စပ်လျဉ်းသည့် အခြေခံမူကြီး ကိုးရပ်ကိုလည်းကောင်း၊ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်ရန် သင့်မသင့်စဉ်းစားရန် ရှင်းလင်းပြောကြားခဲ့သည့်မူ ၄၈ ရပ်၊ အပိုဒ်ခွဲ၊ အပိုဒ်ငယ်၂၉ခုတို့ကိုလည်းကောင်း နှိုင်းယှဉ်လေ့လာ သုံးသပ်ခဲ့ကြပါကြောင်း၊ အစုအဖွဲ့အတွင်း အကျေအလည် ဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းချပြသည့် အသေးစိတ်အခြေခံသင့်သည့်မူ ၄၈ရပ်နှင့် အပိုဒ်ခွဲ၊ အပိုဒ်ငယ်၂၉ခုတို့သည် ပိုမိုပြည့်စုံပြီး မျက်မှောက်ကာလပကတိအခြေအနေနှင့်လည်းကောင်း၊ အနာဂတ်ကောင်းကျိုးနှင့်လည်းကောင်း လိုက်လျောညီထွေရှိကြောင်း၊ ကျိုးကြောင်းဆီလျော်သည်ဟု မိမိတို့အစုအဖွဲ့က သဘောထားရရှိကြပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးကို ရရှိခံစားအပ်သူများသည် နိုင်ငံသားများဖြစ်ရပါမည်။ ထို့ကြောင့် နိုင်ငံသားဖြစ်၊ မဖြစ်လိုအပ်သည့်မူ ချမှတ် ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့်မူ အပိုဒ် ၁ သည် မည်သူမည်ဝါသည် နိုင်ငံသားဖြစ်ကြောင်း သတ်မှတ်ပေးထားခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ဖော်ပြထားပါကြောင်း၊ အပိုဒ်၂တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေအဖြစ် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်စေရမည်ဟု ဖော်ပြထားပါကြောင်း၊ တည်ဆဲနိုင်ငံသားဥပဒေတွင် လိုအပ်သည့်အချက်များကို အသေးစိတ် ဖော်ပြထားသည့်အတွက် အပိုဒ်၁ နှင့် ၂သည်အသေးစိတ်အခြေခံရမည့်မူများအဖြစ် သင့်လျော် လုံလောက်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ဂီတစာဆို ဟသ်ာတဦးမြင့်ငွေ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရာ၌အခြေခံရမည့်မူကြီး ၆ ရပ်သည် ၁၆-၉-၁၉၉၃ရက်က ချမှတ်ခဲ့သည့် နိုင်ငံတော်အခြေခံမူ၁၀၄ရပ်တွင် နိုင်ငံတော်၏ ဦးတည်ချက်အခြေခံမူ၆ ရပ်အဖြစ်ပါဝင်လာခဲ့ကြောင်း၊ ဦးတည်ချက်အခြေခံမူ ၅ မှာ "နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး"ဟုပီပြင်တိကျစွာ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့်မြန်မာနိုင်ငံသားများသည် လောကပါလ တရားနှင့်အညီမျှတ၊ လွတ်လပ်၊ ညီမျှမှုများပိုင်ဆိုင်ရရှိသင့်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်မှာပါသည့် အသေးစိတ်အခြေခံသင့်သည့်မူ အပိုဒ် ၃ မှ ၁၆ တို့သည် နိုင်ငံသားများအခွဲအခြားမရှိ၊ အကွဲအပြားမရှိ ညီတူညီမျှခံစားနိုင်ကြမည့်မူများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ မူအပိုဒ် ၃ မှာ နိုင်ငံတော်က မည်သူ့ကိုမဆို ဥပဒေအရ တန်းတူအခွင့်အရေးပေးပြီး ဥပဒေ၏ အကာအကွယ်ကိုလည်းတန်းတူပေးရန်ဖြစ်ပါကြောင်း၊ အပိုဒ် ၄ တွင် နိုင်ငံသားများအတွင်း လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး၊ အဆင့်အတန်း၊ အမျိုးသမီး၊အမျိုးသား၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာ ဆူကြံနိမ့်မြင့်ခွဲခြားမှု မရှိစေရန် ဖော်ပြထားပါကြောင်း။

အပိုဒ် ၅တွင်လည်း နိုင်ငံသားများ ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်းမှု၊ သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှုတို့မှာ တူညီသည့်အခွင့်အလမ်းရရှိစေရန် အာမခံထားခြင်းဖြစ်ပါကြောင်း၊ အပိုဒ် ၆ သည် အမျိုးသမီးများအနေနှင့် တူညီသည့်အလုပ်အတွက် အမျိုးသားများနှင့်အခွင့်အရေး၊ လစာတန်းတူခံစားခွင့်ဖြစ်ပါကြောင်း။

အပိုဒ် ၇ သည် မိခင်များ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ ဥပဒေအရ သတ်မှတ်သည့်အခွင့်အရေးအညီအမျှခံစားခွင့်၊ အမှတ်စဉ် ၈ သည်လည်း အလုပ်အကိုင်ခန့်ရာ၊ တာဝန်ပေးရာမှာ လူမျိုး၊ ဇာတိ၊ ဘာသာသာသနာ၊ အမျိုးသမီး၊ အမျိုးသားခွဲခြားမှုမပြုရန် ဖြစ်ပါကြောင်း၊ သို့သော်လည်း အမျိုးသားများနှင့်သာ လျော်ကန်သည့် ရာထူးတာဝန်များကိုသာ ခြွင်းချက်ထားရှိပါကြောင်း၊ ယင်းသည်လည်းကျိုးကြောင်းဆီလျော်သင့်မြတ်လှပါကြောင်း၊ အပိုဒ် ၉ သည်တည်ဆဲဥပဒေမှအပ အသက်၊လွတ်လပ်ခွင့်နစ်နာဆုံးရှုံးမှု မရှိစေရန် ဖော်ပြထားပါကြောင်း။

အပိုဒ် ၁၀ တွင် စည်းကမ်းကျနစွာနှင့် အခွင့်အရေးများသုံးစွဲရန် ဖော်ပြထားပါကြောင်း၊ နိုင်ငံအကျိုး၊ပြည်သူ့အကျိုးမဆန့်ကျင်သမျှ၊ ဥပဒေနှင့် ကိုက်ညီနေသမျှ လွတ်လပ်စွာထုတ်ဖော်ပြောဆို၊ ရေးသားဖြန့်ဝေခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ လူမျိုးရေး၊ ဘာသာရေး မထိခိုက်စေဘဲ စကား၊စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်မှုဓလေ့ထုံးတမ်းများလွတ် လပ်စွာဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါကြောင်း၊ အပိုဒ် ၁၁၊၁၂၊၁၃ တို့တွင်နိုင်ငံသားတိုင်း နိုင်ငံတော်အတွင်းဥပဒေနှင့်အညီ ကြိုက်ရာဒေသ မှာအခြေချနေထိုင်ခွင့်၊ နိုင်ငံသားတို့တရားဝင်ပိုင်ဆိုင်ထားသည့် ပစ္စည်းများကို ဥပဒေအရ အကာအကွယ်ပေးခွင့်၊ အခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ နိုင်ငံသားတို့နေအိမ်၊ ပစ္စည်း၊ဆက်သွယ်ရေးနှင့် လုံခြုံခွင့်တို့ကို ဖော်ပြကာကွယ်ပေးထားပါကြောင်း။

အပိုဒ် ၁၄သည် ကျွန်ပြုမှု၊ လူအရောင်းအဝယ်ပြုမှုတို့ကိုတားမြစ်ထားပြီး အပိုဒ် ၁၅ သည် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းမှုကို တားမြစ်ထားပါကြောင်း၊ အပိုဒ် ၁၆တွင် ငြိမ်ဝပ် ပိပြားမှု၊ ပြည်သူ့ကိုယ်ကျင့်တရား၊ ပြည်သူ့ကျန်းမာရေး၊ အခြေခံဥပဒေ အခြားပြဋ္ဌာန်းချက်တို့နှင့်မဆန့်ကျင်လျှင် ဘာသာသာသနာရေးမှာ လွတ်လပ်စွာယူဆနိုင်ခွင့်၊ ကိုးကွယ်ခွင့်တို့ အညီအမျှရစေရန် အာမခံထားပါကြောင်း၊ အပိုဒ် ၁၇ တွင် ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးတို့မှာ ဘာသာသာသနာ လွတ်လပ်ခွင့်မပါဝင်စေရဟု ခွဲခြားဖော်ပြထားပါကြောင်း၊ ဘာသာရေးလွတ်လပ်ခွင့်ကို အများပြည်သူအကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရဟု ဖော်ပြထားပါကြောင်း။

အပိုဒ် ၁၉မှ ၂၂ထိတို့မှာ နိုင်ငံသားအများစု ကိုးကွယ်သည့်ဗုဒ္ဓဘာသာ သာသနာတော်ကို ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည် ဘာသာသာသနာအဖြစ် နိုင်ငံတော်က အသိအမှတ်ပြုခြင်း၊ အခြေခံဥပဒေအာဏာတည်သည်နေ့ နိုင်ငံတော်မှာရှိနေသည့် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်မှုဘာသာတို့ကို အသိအမှတ်ပြုခြင်း အသိအမှတ်ပြုဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှကူညီစောင့်ရှောက်ခြင်း၊ နိုင်ငံရေးအလို့ငှာ ဘာသာသာသနာ အလွဲသုံးစားမပြုရ ခြင်းတို့ကို ဖော်ပြထားပါကြောင်း။

အပိုဒ် ၂၃၊၂၄၊၂၅တို့သည် တိုင်းရင်းသားစည်းလုံးမှု၊ လူမျိုးရေးထိခိုက်မှုများ မရှိစေဘဲ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ လွတ်လပ်စွာ ပြုစုပျိုးထောင်ခွင့်၊ ပညာသင်ကြားခွင့်၊ အခြေခံပညာကို မသင်မနေရ သင်ကြားခွင့်၊ သိပ္ပံပညာ၊ စာပေအနုပညာ၊ ယဉ်ကျေးမှုများ၊ တီထွင်ကြံဆ သုတေသနပြုဖော်ထုတ်ခွင့်၊ ပညာထူးချွန်သူမှန်သမျှကို ခွဲခြားမှုမရှိဘဲ ချီးမြှင့်ထောက်ပံ့ခွင့်တို့ကို ဖော်ပြထားပါကြောင်း။

အပိုဒ်၂၆၊၂၇တို့သည် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ခွင့်၊ ရွေးကောက်တင်မြှောက်ခံခွင့်၊ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်(Right of Recall)ကို ပေးထားပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်းမှာ စီးပွားရေးလုပ်ငန်းများ ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသင့်ပါကြောင်း၊ နိုင်ငံတော်ကလည်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာ၊ အရင်းအနှီး၊စက်မှုပစ္စည်း၊ကုန်ကြမ်းများကို ကူညီသင့်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို အခြေခံသင့်သည့် မူအဖြစ် အပိုဒ်၂၈နှင့် ၂၉မှာ အခွင့်အရေးပေးထားပါကြောင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကိုလည်း ဥပဒေနှင့်အညီလုပ်ပိုင်ခွင့်ကို နိုင်ငံတော်က အပိုဒ်၃၀မှာ အာမခံချက်ပေးထားပါကြောင်း။

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးကို ရှေးရှုပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို အပိုဒ် ၃၄မှ ၃၇အထိတို့တွင် ဖော်ပြထားပါကြောင်း၊ အပိုဒ်၃၄သည် စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီး၏ ချုပ်မိန့်မရဘဲ မည်သူ့ကိုမျှ ၂၄နာရီထက်ပိုပြီး ချုပ်နှောင်ခြင်းမပြုရန် ဖော်ပြထားပါကြောင်း၊ အပိုဒ်၃၅၊၃၆၊၃၇ တို့မှာ ပြည်သူတို့၏ နစ်နာမှုများကုစားပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (က)ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ (ခ) အာဏာပေးစာချွန်တော် အမိန့်၊ (ဂ) တားမြစ်စေစာချွန်တော်အမိန့်၊ (ဃ) အာဏာပိုင်မေးစာချွန်တော် အမိန့်၊ (င) အမှုခေါ်စာချွန်တော်အမိန့်များ ထုတ်ပေးနိုင်ပါကြောင်း၊ စစ်မက် ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်တို့ကလွဲပြီး စာချွန်တော်အမိန့်ထုတ်ပေးခြင်းများ ရပ်ဆိုင်းမထားရန် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ယင်းစာချွန်တော်အမိန့်များသည် နိုင်ငံသားများကို တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သည်ဟု မိမိတို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က သဘောထားရရှိကြပါကြောင်း။

အသေးစိတ်အခြေခံသင့်သည့်မူ အပိုဒ်၃၈မှာ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသည့် နိုင်ငံသားတိုင်းသည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှု တောင်းခံခွင့်ပေးထားပါကြောင်း၊ အပိုဒ်၃၉တွင် တိုင်းတစ်ပါးက ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုဖြစ်ပေါ်ချိန်၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ချိန်ကလွဲပြီး ကျန်အချိန်များတွင် နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသည့် နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသည့် ရယူပိုင်ခွင့်များကို ပယ်ဖျက်ခြင်းမပြုရဟု ဖော်ပြထားပါကြောင်း။

အပိုဒ်၄၀တွင် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရရှိစေရေးတို့အတွက် ဤအခန်း၌ပေးထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်ဟု ဖော်ပြပါရှိပါကြောင်း။

အခွင့်အရေးနှင့် တာဝန်သည် ဒွန်တွဲနေသည့် ဝိဘာဂတစ်စုံဖြစ်ပါကြောင်း၊ နိုင်ငံသားများသည် နိုင်ငံသားများ၏ မူလအခွင့်အရေးများခံစားရသည်နှင့်အမျှ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားအတွက် တာဝန်ဝတ္တရားများလည်း ရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားတို့၏ တာဝန်များကိုတော့ အသေးစိတ်အခြေခံသင့်ရမည့်မူ အပိုဒ်၄၁မှ ၄၇အထိတို့တွင် ဖော်ပြထားပါကြောင်း။

အပိုဒ်၄၁သည် နိုင်ငံသားတိုင်း ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရမည့် တာဝန်၊ အပိုဒ်၄၂သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည့်တာဝန်၊ အပိုဒ်၄၃သည် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်၊ အပိုဒ်၄၄သည် ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းရမည့်တာဝန်၊ အပိုဒ်၄၅သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းအောင် ကြိုးပမ်းရမည့်တာဝန်၊ အပိုဒ်၄၆သည် ဥပဒေနှင့်အညီ စစ်ပညာသင်ကြားရန် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်၊ အပိုဒ်၄၇သည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ကြရမည့် တာဝန်များ ဖော်ပြထားပါကြောင်း၊ နိုင်ငံသားတိုင်း မပျက်မကွက်လိုက်နာခြင်းဖြင့် နိုင်ငံတော်၏ကောင်းကျိုး၊ မိမိတို့အပါအဝင် နိုင်ငံသားအားလုံး ကောင်းကျိုးကို ဖော်ဆောင်သင့်ကြပါကြောင်း။

အပိုဒ် ၄၈သည် နိုင်ငံတော်ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုကြောင်း ဖော်ပြထားပါကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းတွင်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး စကားအသုံးအနှုန်း၊ စကားရပ် ရှေ့နောက်အစီအစဉ်များနှင့် ပတ်သက်ပြီး ပိုမိုတိကျပြည့်စုံစေလိုသည့် စေတနာဆန္ဒအရ အောက်ပါသီးခြားအကြံပြုချက်များကို တင်ပြအပ်ပါကြောင်း–

အပိုဒ် ၅။ အပိုဒ်ခွဲ (စ)၌ "သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု"ဆိုသည့် စကားရပ်တွင် ဝိဇ္ဇာပညာရပ်များ မပါရှိသေးသည့်အတွက် ယင်းစကားရပ်အစား "ဝိဇ္ဇာ၊သိပ္ပံနှင့်နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု"ဟုဖြည့်စွက်ပြင်ဆင်သင့် မသင့်စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အပိုဒ် (၆)တွင် ဖော်ပြထားသည့် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး" ဟူသောစကားရပ်အစား "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရရှိသည့်အတိုင်း အခွင့်အရေး"ဟုပြင်ဆင်လျှင် အဓိပ္ပာယ်ပိုမိုတိကျမည်ဟု ယူဆပါသဖြင့် ပြင်ဆင်သင့် မသင့်စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အပိုဒ် ၃၄ "မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့် မရရှိဘဲ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ" ဟူသော စကားရပ်အစား မြန်မာစာအထုံးအဖွဲ့ပိုမိုပြေပြစ်စေရန် "စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရဘဲမည်သူ့ကိုမျှ ၂၄နာရီထက်ပို၍ ချုပ်နှောင်ခြင်း မပြုရ" ဟုပြင်ဆင်သင့် မသင့်စဉ်းစားနိုင်ရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အပိုဒ် ၄၆ "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက်စစ်မှုထမ်းရန်တာဝန်ရှိသည်" ဆိုတဲ့စကားရပ်ကို အပြည့်အဝထောက်ခံပါကြောင်း၊ နောင်ယင်းကိစ္စအတွက် ဥပဒေပြဋ္ဌာန်းရာတွင် စစ်ပညာသင်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည့်အသက်အရွယ် အပိုင်းအခြား၊ အချိန်ကာလ အပိုင်းအခြားများကို ဖော်ပြပေးရန်တင်ပြအကြံပြုအပ်ပါကြောင်း။

နိုင်ငံသားများရပိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ သက်ကြီးရွယ်အိုများအား နိုင်ငံတော်ကပြုစုစောင့်ရှောက်ပေးရန် ဥပဒေတစ်ရပ်ချမှတ် ပေးသင့်ပါကြောင်း။

နိုင်ငံအများအပြားတွင် Senior Citizen ဟု သတ်မှတ်သော သက်ကြီးရွယ်အိုများအား ထောက်ပံ့ကူညီမှုများကို နိုင်ငံတော်အစိုးရနှင့် အခြားအဖွဲ့အစည်းများကပါ ကူညီထောက်ပံ့မှုပေးကြပါကြောင်း။

ထို့ကြောင့် "သက်ကြီးရွယ်အိုအဖြစ် သတ်မှတ်ထားသော အရွယ်သို့ ရောက်ရှိသော နိုင်ငံသားသက်ကြီးရွယ်အိုများကို နိုင်ငံတော်က ဥပဒေတစ်ရပ် သတ်မှတ်၍ ပြုစုစောင့်ရှောက်မှုပေးရန်"ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် အကြံပြုတင်ပြအပ်ပါကြောင်း။

အလားတူပင် နိုင်ငံတော်က ချမှတ်သော လူမှုရေးဦးတည်ချက် ၄ရပ်နှင့်အညီကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်နံတစ်လျားရှိ အခြေခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို နေရာကွက်လပ်မကျန် ဆောင်ရွက်နိုင်ရန်မှာ အနာဂတ်နိုင်ငံတော်တွင်လည်းပဏာမကျန်းမာရေး စောင့်ရှောက်မှု Primary Health Care လူတိုင်းရရှိခံစားနိုင်စေရန် နိုင်ငံတော်မှ အခြေခံရပိုင်ခွင့်အဖြစ် ဥပဒေဖြင့်သတ်မှတ်ပေးသင့်ပါကြောင်းကိုလည်း အကြံပြုတင်ပြအပ်ပါကြောင်း။

၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လေ့လာတင်ပြထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ ၄၈ရပ် နှင့် အပိုဒ်ခွဲ၂၉ခုတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းသားချင်း နိုင်ငံသားအားလုံးရသင့်ရထိုက်သည့်၊ ရလည်းရရှိလိုကြသည့်အခွင့်အရေးများဖြစ်သကဲ့သို့ နိုင်ငံသားအားလုံး ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသကဲ့သို့ မိမိတို့ခံစားကြရမည့် အခွင့်အရေးများကို စိတ်ချလက်ချရရှိအောင် ကိုယ်တိုင်ထမ်းဆောင်ရမည့် တာဝန်များဖြစ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအားလုံးက မိမိတို့၏စေတနာဆန္ဒအလျောက် တင်ပြထားသည့် မိမိတို့အစုအဖွဲ့၏ အကြံပြုချက်များနှင့်အတူတညီတညွတ်တည်း ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့်ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

အချပ်ပို(ခ)မှ

တပ်မတော်သည် ပြည်သူ့အကျိုးကို အစဉ်ထာဝရသယ်ပိုးနေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်လျော်ညီစွာ ပြည်သူများ၏ အသက်အန္တရာယ်၊ နိုင်ငံ၏ လုံခြုံရေးကိုထိပါးနှောင့်ယှက်လာမည့် အန္တရာယ်၊ ရေဘေး၊ မီးဘေး၊ လေဘေး၊ စသည့် သဘာဝ ဘေးအန္တရာယ်များသည် အချိန်အခါမရွေးပေါ်ပေါက်လာနိုင်ပါကြောင်း၊ ကျရောက်လာနိုင်ပါကြောင်း၊ ယင်းသို့အချိန်အခါမျိုးတွင် တပ်မတော်အနေနှင့် အဓိကပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများချမှတ်ပေးထားရမည်ဖြစ်ပါကြောင်း၊ တပ်မတော်သည် ပြည်သူထဲက ပေါက်ဖွားလာသည့် ပြည်သူ့သားသမီးများဖြစ်ခြင်းကြောင့် ပြည်သူနှင့်ရင်အုပ်မကွာ ဆိုးတူကောင်းဘက်များဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူအပေါ် အန္တရာယ်တစ်မျိုးမျိုး ကျရောက်လာသည်နှင့် တစ်ပြိုင်တည်း တပ်မတော်က လျင်မြန်စွာ အဓိကပါဝင် ကူညီစောင့်ရှောက်ပေးနိုင်သည့် ပြဋ္ဌာန်းချက်မျိုးရှိနေမှ အခွင့်သာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်"**ဟု အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းကဏ္ဍအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဂရုတစိုက်အလေးအနက်ပြုပြီး ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့သည့် အကြံပြုချက်စာတမ်းကို တင်ပြဖတ်ကြားပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူ (၁၄)ချက်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားနိုင်ငံရေးကို အစဉ်ထာဝရ ထိုက်တန်စွာ ပါဝင်ထမ်းဆောင်ခွင့် ရှိနေသည့် တပ်မတော်အတွက် လျော်ကန်သင့်မြတ်သော အချက်များဖြစ်ပါသဖြင့် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ကိုယ်စား အကြံပြုတင်ပြရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။ **(သတင်းစဉ်)**

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၂၇ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာတွင် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်ဦးစန်းတင့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံ ရမည့် မူများနှင့် စပ်လျဉ်း၍ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့် ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံဟု ကမ္ဘာ့အလယ်တွင် ခိုင်မာစွာ ရပ်တည်လာနိုင်ခဲ့ပြီဆိုလျှင် ယင်းနိုင်ငံတွင် မရှိမဖြစ်ပါဝင်လာသည့် နိုင်ငံ၏နယ်နိမိတ်၊ အချုပ်အခြာအာဏာ၊ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသည့် ပြည်သူလူထု၏ အသက်အိုး အိမ်စည်းစိမ် ဥစ္စာ၊ နိုင်ငံတော်က ပိုင်ဆိုင်ထားသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ စသည်ဖြင့် တည်ရှိနေကြပါကြောင်း၊ မိမိတို့၏ ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်လာသည့် ပိုင်ဆိုင်မှုများသည် မိမိတို့ စနစ်တကျ စီမံခန့်ခွဲ ထိန်းသိမ်းမှုမပြုနိုင်ခဲ့လျှင် အခြားတစ်ပါးသောသူများ၏ လက်တွင်းကို လွယ်လင့်တကူ ရောက်ရှိဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားနှင့် မသက်ဆိုင်သည့် လူများ၏ လက်ထဲရောက်ရှိ ခြယ်လှယ်မခံရစေရန် မိမိတို့ကိုယ်တိုင် လုံခြုံစွာထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ ယင်းတာဝန်ကိုကျေပွန်စွာ တာဝန်ယူဆောင်ရွက်နိုင်ရန်မှာ ကိုယ့်နိုင်ငံသားများနှင့် ခိုင်မာစွာ ဖွဲ့စည်းထားရှိအပ်သည့် **"တပ်မတော်"**ပင် ဖြစ်ပါကြောင်း၊ အင်အားတောင့် တင်းခိုင်မာသည့် တပ်မတော်ကသာလျှင် နိုင်ငံ၏လုံခြုံရေး၊တည်တံ့ခိုင်မြဲရေးတို့ကို အာမခံနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတွင် အထက်မှာဖော်ပြခဲ့သည့် နိုင်ငံတော်၏ ပိုင်ဆိုင်မှုနှင့် အကျိုးစီးပွားကို မဆုတ်မနစ် ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းထူထောင်ထားသည့် တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းပေးရမည့် အမျိုးသားရေးရည်မှန်းချက်များနှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြည်သူတွေ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ သာယာဝပြောပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ သိက္ခာရှိရှိ အခွန့်ရှည်စွာ ရပ်တည်နိုင်ရန် ကာကွယ်ရေးတာဝန်ကို တပ်မတော်က ထမ်းဆောင်နေပါကြောင်း၊ ၂၀၀၅ခုနှစ် မတ်၂၇ရက်တွင် ကျင်းပခဲ့သည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား ဦးအောင်ဇေယျဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကို ခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်"** ဟု မိန့်ကြားခဲ့ပါကြောင်း၊ ယင်းမိန့်ကြားချက်သည် တပ်မတော်၏ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရန် မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် မရှိမဖြစ်တပ်မတော်ကို ထားရှိရာတွင် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ဆောင်ရွက်နေကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်းတစ်ခန်းအနေနှင့် အသေးစိတ်အခြေခံရမည့် အချက်များကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူခြောက်ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ယင်းချမှတ်ခဲ့ပြီးဖြစ်သည့် အချက်ခြောက်ချက်အပေါ်တွင် အခြေခံပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီ၁၀ရက်တွင် တပ်မတော် အခန်းနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက်ရှင်းလင်းချပြခဲ့ပါကြောင်း၊ ယင်းသို့ ချပြခဲ့သည့် အချက်များထဲက အပိုဒ်(၁)တွင် ပါရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်ဆိုသည့်အချက်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ကြားချက်နှင့် ကိုက်ညီလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့အပြင် အပိုဒ်(၃)တွင် ပါရှိသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိခြင်းဆိုသည့် အချက်၊ အပိုဒ်(၄)တွင်ပါရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်ဆိုသောအချက်၊ အပိုဒ်(၆)တွင်ပါရှိသည့် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့ အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိစေရမည်ဆိုသောအချက်နှင့် အပိုဒ်(၇)မှာ ပါရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင် အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်ဆိုသော အချက်များသည် တပ်မတော်အခန်းတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည့်မူများဖြစ်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းချပြခဲ့သည့် အပိုဒ်(၂)တွင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အသက်တမျှအရေးပါသော နိုင်ငံတစ်ခုလုံး၏ အဓိကကျသည့် ဥပဒေဖြစ်ပါကြောင်း၊ အခြေခံဥပဒေမှာ ဟာကွက်၊ ပျော့ကွက်၊ အားနည်းချက်များရှိခဲ့၍ နိုင်ငံတော်တွင် ကြီးမားသည့် ဖြစ်ပျက်ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့ရသည်ကို မိမိတို့အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခု မိမိတို့စုပေါင်းဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင်အတွေ့အကြုံများကို သင်ခန်းစာယူပြီး အားနည်းချက်မရှိရအောင် ကြိုးစားအားထုတ်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ယင်းအခြေခံဥပဒေတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်မည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အခြေခံမူများကို အခြေခံရေးဆွဲထားသည့်ဥပဒေဖြစ်ပါကြောင်း၊ ယင်းသို့အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝစွာဖြင့် ဖော်ဆောင်လာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိပါးပျက်စီးစေမှုသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ပျက်စီးစေမှု၊ နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ထိခိုက်စေမှုများပင် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အကြီးမားဆုံး အန္တရာယ်ကြီးလည်းဖြစ်ပါကြောင်း၊ တပ်မတော်၏ အဓိကတာဝန်တစ်ရပ်အနေဖြင့်လည်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်သည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးပျက်စီးခြင်းမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ရန် တာဝန်မှာလည်း တပ်မတော်၏ အဓိကတာဝန်ကြီးပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါအချက်ကိုလည်း တပ်မတော်အခန်းတွင် မရှိမဖြစ် ထည့်သွင်းချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ထောက်ခံတင်ပြအပ်ပါကြောင်း။

တပ်မတော်အခန်းတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ချပြရှင်းလင်းခဲ့သည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သည့် အပိုဒ်(၅)တွင်"တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်"ဟု ဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးသွားရာကနေ လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းလာခဲ့သည့် သမိုင်းတစ်လျှောက်တွင် ပြည်ထောင်စု တစ်ဝန်းလုံးအတွင်း အတူစုစည်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လှုပ်ရှားရုန်းကန်မှုများ ထိရောက်စွာပါရှိခဲ့ပြီး ယင်းတို့ကနေ ပေါက်ဖွားဖြစ်ပေါ်လာသည့် တပ်မတော်သားများနှင့်အတူလက်တွဲ၍ ကိုလိုနီနယ်ချဲ့ရန်နှင့် ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ အလားတူ နိုင်ငံတော်၌ ကျရောက်ခဲ့သည့် ပြည်တွင်းပြည်ပ အန္တရာယ်များကို ချေမှုန်းခဲ့ရာတွင်လည်း နိုင်ငံတော်သူ၊နိုင်ငံတော်သားများသည် လူမျိုး၊ လူထုလူတန်းစား၊ ဝန်ထမ်းမရွေး တပ်မတော်နှင့်အတူ လက်တွဲပါဝင်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ သမိုင်းအစဉ်အဆက် ယင်းသို့ဆောင်ရွက်ခဲ့ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ရယူလာကြသည့် နိုင်ငံသားများအားလုံးသည် ရှေ့ကိုလည်း ဆက်လက်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်ကြရာတွင် တပ်မတော်နှင့် အတူလက်တွဲပြီး ပါဝင်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်သည် မလွဲမသွေ နိုင်ငံသားများအပေါ်တွင် တည်ရှိနေပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ယင်းတာဝန်ကို အစဉ်အလာအတိုင်း လိုအပ်ချိန်တွင် လိုအပ်သလို ဦးဆောင်ပြီး တိုင်းရင်းသားအားလုံး စနစ်တကျ စုစည်းပါဝင်လာရေးကို စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခု မိမိတို့ ဆောင်ရွက်နေသည့် အမျိုးသားညီလာခံမှာလည်း နိုင်ငံသားများ၏မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူများမှာ နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန် တာဝန်ရှိမှု အသေးစိတ်အခြေခံရမည့်မူကိုလည်း ချမှတ်ရန်ဖြစ်သည့်အတွက် အထက်မှာဖော်ပြခဲ့သည့် အသေးစိတ်အခြေခံမူမှာ လျော်ကန်သင့်မြတ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

မိမိဆက်လက်တင်ပြသွားမှာကတော့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားသည့် တပ်မတော်အခန်းတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ဖော်ပြခဲ့သည့် အပိုဒ် ၈၊ ၉၊ ၁၀တို့နှင့် စပ်လျဉ်းသည့်အချက်များ ဖြစ်ပါကြောင်း၊ ယင်းအချက်များမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် ဒုတိယသမ္မတအဆင့် သတ်မှတ်ခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခန့်အပ်ရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ခြင်းနှင့် တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်များ ပါရှိပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို တာဝန်ယူရသည့် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်ပြီး လက်နက်ကိုင် အဖွဲ့အစည်း အားလုံးကိုလည်း ကြီးကြပ်ကွပ်ကဲရမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် ထမ်းဆောင်ရသည့် တာဝန်နှင့် လုပ်ငန်းသဘောသဘာဝဟာ ထူးခြားမှုရှိသည့်အတွက် ယင်း၏ လုပ်ငန်းတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်စေရန် ဒုတိယသမ္မတအဆင့်နှင့် ညီသည့်အဆင့် သတ်မှတ်သင့်ပါကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူများအရ လွှတ်တော်အသီးသီးတွင် ပါဝင်ရမည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းပေးရခြင်း၊ ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်ထဲရေး၊ နယ်စပ်ရေးရာ စသည့် ဝန်ကြီးအမည်စာရင်းများကိုလည်း တင်သွင်းပေးရခြင်း တာဝန်များလည်း ထမ်းဆောင်ရမည်လည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးအကြီးအကဲဖြစ်ကြောင်း၊ အခြေခံမူလည်း ချမှတ်ပြီးဖြစ်သည့်အတွက် ဒုတိယသမ္မတအဆင့်ရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတကသာ တာဝန်ပေးအပ်သင့်ပြီး ယင်းသို့ တာဝန်ပေးအပ်ရာမှာလည်း တစ်ဦးတစ်ယောက်၏ သဘောထားမဖြစ်စေဘဲ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက် ရယူခန့်ထားစေခြင်းမှာလည်း လျော်ကန်သင့်မြတ်မှု ရှိပါကြောင်း သုံးသပ်ရရှိပါကြောင်း၊ အမိန့်နာခံမှုသည် တပ်မတော်၏ အုပ်ချုပ်ကွပ်ကဲမှုစနစ်တွင် အခြေခံအကျဆုံးဖြစ်ပါကြောင်း၊ တပ်မတော်အစဉ်အလာ ၁၂ရပ်ကို ထိန်းသိမ်းခြင်း၊ အား၁၀ပါးနှင့်ပြည့်စုံသော တပ်မတော်ဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ စစ်စည်းကမ်းကောင်းမွန်ပြီး အမြဲစည်းလုံးမှုရှိသော တပ်မတော်ဖြစ်ခြင်း စသည့် တပ်မတော်၏အစဉ်အလာကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် အမြဲစည်းလုံးပြီး အရည်အချင်းနှင့် ပြည့်ဝသည့် တပ်မတော်ဖြစ်အောင် တည်ဆောက်ပေးနိုင်စွမ်းနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းများကို မှန်ကန်စွာ အုပ်ချုပ်၊ စီမံခန့်ခွဲနိုင်စေအောင် စွမ်းဆောင်ပေးနိုင်သော ပုဂ္ဂိုလ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ယူရသည့် တပ်မတော်အနေနှင့် ယင်း၏ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှသာလျှင် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို နိုင်နင်းစွာ စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း အထက်မှာ ဖော်ပြခဲ့သည့် တပ်ပိုင်းဆိုင်ရာ လုပ်ငန်းအားလုံးကို တပ်မတော်ကသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် တပ်ပိုင်းဆိုင်ရာ လုပ်ငန်းအားလုံးကို တပ်မတော်ကသာ လွတ်လပ်စွာ စီမံဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ မဏ္ဍိုင်ဖြစ်ပါကြောင်း၊ တပ်မတော်သည် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ သို့ဖြစ်သည့်အတွက် တပ်မတော်သားများကို ပြည်သူများ လိုက်နာရမည့် ဥပဒေများနှင့်သာမက တပ်မတော်သားများ လိုက်နာရမည့် တပ်မတော်ဥပဒေတစ်ရပ်ကိုပါ ပြဋ္ဌာန်းထိန်းသိမ်းသင့်ပါကြောင်း၊ စစ်စည်းကမ်းနှင့် စစ်ဘက်လတ်တလောလိုအပ်ချက်များ ဆောင်ရွက်ရာတွင် စစ်ဘက်ဥပဒေသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ နိုင်ငံတကာ တပ်မတော်များတွင်လည်း တပ်မတော်အက်ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ကြပါကြောင်း၊ လက်ရှိတပ်မတော်မှာ ၁၉၅၉ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် တပ်မတော်အက်ဥပဒေတစ်ရပ်ရှိပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်များအရ တပ်မတော်သားများနှင့် သက်ဆိုင်သည့် စစ်ဘက်တရားရုံးများ ဖွဲ့စည်းပြီး စစ်ဘက်တရားစီရင်ရေးများ ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်စည်းကမ်းကောင်းမွန်ရေးအတွက် လိုအပ်သည့် အမိန့်ညွှန်ကြားချက်များကို လိုအပ်လျှင် လိုအပ်သကဲ့သို့ ထုတ်ပြန်ပြီး ထိန်းသိမ်းမှုလည်းပြုရပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားသည့် တပ်မတော်အခန်းမှာ ပါဝင်သည့် အပိုဒ် ၁၁/၁၂များပါအတိုင်း စစ်ဘက်တရားစီရင်ရေးတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ စီရင်နိုင်ခြင်းနှင့် စစ်ဘက်တရားစီရင်ရေးမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း ဆိုသည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်သားများသည် တပ်မတော်သားဘဝတွင် သစ္စာလေးချက်ကို ဦးထိပ်ရွက်ပြီး နိုင်ငံ့တာဝန်များကိုထမ်းဆောင်ကြသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပေးအပ်သည့် အမိန့်နှင့် တာဝန်ကို အသက်စွန့်၍ ကြိုးပမ်းထမ်းဆောင်မည်ဟု အဓိဋ္ဌာန်ပြုထားကြသူများလည်း ဖြစ်ပါကြောင်း၊ မိမိတို့၏ အမိ၊ အဖ၊ ဆွေမျိုးဉာတိ၊ ချစ်သူခင်သူများ၊ သားမယားများကို ခွဲခွာစွန့်လွှတ်ပြီးလည်းကောင်း၊ အသက်ကို စွန့်လွှတ်ပြီးလည်းကောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် သေဆုံး၊ ကျဆုံးသွားကြသည့်အခါတွင် ယင်းတို့၏ တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အသိအမှတ်ပြုသည်နှင့်အညီ ကျန်ရစ်ခဲ့သည့် မိသားစုများအတွက်ကိုလည်း နိုင်ငံတော်က စောင့်ရှောက်ပေးရန် တာဝန်ရှိသင့်ပါကြောင်း၊ သေဆုံး၊ ကျဆုံးခြင်းမရှိဘဲ မသန်မစွမ်းဖြစ်ခဲ့ကြသူများကိုလည်း စောင့်ရှောက်ပေးသင့်ပါကြောင်း၊ ထို့ကြောင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားသည့် အပိုဒ် ၁၃ပါအတိုင်း မသန်မစွမ်းတပ်မတော်သားများ၊သေဆုံး၊ ကျဆုံးပြီး ကျန်ရစ်သည့်မိသားစုများကို စောင့်ရှောက်ပေးရန် ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရေးသည်လည်း ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူဖြစ်ပါကြောင်း။

တပ်မတော်သည် ပြည်သူ့ရင်သွေး သားသမီးများနှင့် ဖွဲ့စည်းထားသည့် အားလျော်စွာ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးရန်မှာ သဘာဝကျသည့် ဆောင်ရွက်သင့်သော လုပ်ငန်းများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နယ်ပယ်များကို ကာကွယ်ရန်အတွက် လည်းကောင်း၊ နယ်ဘက်အာဏာပိုင်အဖွဲ့အစည်းများက အကူအညီ တောင်းခံလာလျှင် လည်းကောင်း၊ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက အကူအညီ တောင်းခံလာလျှင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာလျှင် လည်းကောင်း၊အကူအညီပေးခြင်း၊ ကာကွယ်ပေးခြင်း၊ လုံခြုံမှုပေးခြင်း၊ တည်ငြိမ်အေးချမ်းအောင်ပြုလုပ်ခြင်း စသည်များကို တစုတစည်းတည်းနှင့် အင်အားပြည့်ဝစွာရှိသည့် တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးရန် တာဝန်ရှိသင့်ပါကြောင်း၊ ယင်းသို့ကိစ္စရပ်များမှာ မည်သူ၏ တွန်းအားပေးခြင်း၊ ခိုင်းစေခြင်း၊ တာဝန်ပေးခြင်းကိုပင် စောင့်ဆိုင်းနေစရာမလိုဘဲ မိမိတို့ အလိုအလျောက် ဆောင်ရွက်ပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် အပိုဒ်၁၄တွင် ချပြရှင်းလင်းထားသည့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ပေးရေး အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

၂၀၀၆ခုနှစ် ဇနန်ဝါရီ၁၀ရက်တွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက လေ့လာတင်ပြရှင်းလင်းခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ ၁၄ချက်သည် အထက်တွင် မိမိဖော်ပြသွားသည့် အတိုင်း နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးကို တာဝန်ယူဆောင်ရွက်သွားပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာကို စောင့်ရှောက်ကာကွယ်သွားရမည့် တပ်မတော်အတွက် မလွဲမသွေလိုအပ်သည့် အသေးစိတ်အခြေခံရမည့်မူများဖြစ်ပါကြောင်း အကြံပြုတင်ပြရင်း အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ထောက်ခံတင်ပြချက်စာတမ်းကို နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**